# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

အတွဲ (၅၃)
အမှတ် (၁၃၁)

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ စနေနေ့။


**နိုင်ငံတော် အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

# ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရှမ်းပြည်နယ်နေ့ညစာခံပွဲ တက်ရောက်အားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

(၆၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ညစာခံပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် ယဉ်ကျေးမှုအကအဖွဲ့များ၊ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ◆




**(၆၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ညစာခံပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပရာ ယဉ်ကျေးမှုအဖွဲ့က တင်ဆက်ဖြေဖျော်စဉ်။** (သတင်းစဉ်)

# တန်ဖိုးနည်းတိုက်ခန်းများ ငွေကျပ် သိန်း ၁၀၀ အောက်ဖြစ်သင့်

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း)မြို့နယ်နှင့် လှိုင်သာယာမြို့နယ်များတွင် တန်ဖိုးမျှတနှင့် တန်ဖိုးနည်းတိုက်ခန်းများရောင်းချရန် စီစဉ်နေသည်။ ဝန်ထမ်းများနှင့် အခြေခံပြည်သူများအတွက် ထူးခြားပြီး စိတ်ဝင်စားစရာ သတင်းဖြစ်သော်လည်း သတ်မှတ်ဈေးနှုန်းက မြင့်နေသဖြင့် စိတ်ကူးယဉ်သည့်အဆင့်သာရှိနေပြီး လက်တွေ့ဝယ်ယူရန် အခက်အခဲဖြစ်နေဆဲပင်။ ကောင်းမွန်သောအစီအစဉ်ဖြစ်သော်လည်း တကယ်နေထိုင်မည့် ပြည်သူများ အခြေခံလူတန်းစားများအတွက် လက်လှမ်းမမီနိုင်သည့် အနေအထားဖြစ်နေသည်။



"တန်ဖိုးနည်း တိုက်ခန်းတွေရောင်းချတာကောင်းပါတယ်။ ဒါပေမယ့် ဗိုလ်ဗထူးတန်ဖိုးမျှတတိုက်ခန်းတွေရောင်းချမယ့် ဈေးနှုန်းက များနေတယ်။ ကနဦးသွင်းရမယ့် ဈေးနှုန်းလျှော့ချပြီး အရစ်ကျသွင်းရမယ့် နှစ်ကာလအတိုင်းအဆက ပိုရှည်ကြာရင်ကောင်းမယ်။ ဥပမာ-နှစ် ၂၀ ဒါမှမဟုတ် ၁၅ နှစ် စသဖြင့်ပေါ့။ တန်ဖိုးနည်းနဲ့ တန်ဖိုးမျှတတိုက်ခန်းဈေးနှုန်းတွေက ငွေကျပ်သိန်း ၁၀၀ အောက်ဆိုရင် ပိုကောင်းပါတယ်။ ဝန်ထမ်းတွေနဲ့ အိုးအိမ်ပိုင်ဆိုင်မှုမရှိတဲ့ အခြေခံပြည်သူတွေအတွက် ပိုင်ဆိုင်ခွင့် အခွင့်အရေးပိုများတာပေါ့" ဟု မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်းအတွင်းရေးမှူး ဒေါ်မို့မို့အောင်က ရန်ကုန်မြို့ ပြည်လမ်း IBC ခန်းမ၌ ဖေဖော်ဝါရီ ၇ရက်က ကျင်းပသော မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်း (၂၀၁၄-၂၀၁၇) ညီလာခံ၌ တွေ့ဆုံစဉ် ပြောကြားသည်။

မြန်မာနိုင်ငံတွင် အထူးသဖြင့် ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်အဖြစ်ရောက်ရှိလာရာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွှေ့ပြောင်းနေထိုင်လာသူ တဖြည်းဖြည်းတိုးပွားလာလျက်ရှိရာ အိုးအိမ်၊ တိုက်ခန်းလိုအပ်ချက်လည်း မြင့်မားလာသည်။ လောလောဆယ်တွင် ရန်ကုန်မြို့၌ တိုက်ခန်းလိုအပ်ချက်က လူဦးရေ အချိုးအစားနှင့် တွက်ချက်လျှင် များပြားနေဆဲဖြစ်သည်။

"တိုက်ခန်းတွေ ဝယ်လိုအားကများနေတယ်။ တန်ဖိုးနည်းတိုက်ခန်းတွေပေါ့။ ရေ၊ မီး၊ လမ်းနဲ့ သန့်ရှင်းရေးစနစ်ကောင်းမွန်တဲ့ တန်ဖိုးနည်းတိုက်ခန်းတွေများများဆောက်ပြီး တကယ်နေထိုင်တဲ့ ပြည်သူတွေလက်ထဲရောက်ဖို့ အရေးကြီးပါတယ်။ တကယ်နေထိုင်မယ့် ပြည်သူတွေလက်ထဲရောက်သွားရင် လက်ရှိဖြစ်ပေါ်နေတဲ့

*စာမျက်နှာ ၈ ကော်လံ ၁* ▲



ပြည်တွင်းသတင်း

# နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော တပ်မတော်မှနည်းပြနှင့် အားကစားသမားများအား ဆုချီးမြှင့်ခြင်းအခမ်းအနား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တက်ရောက် ဆုများချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ၊ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲနှင့် (၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော တပ်မတော်မှ နည်းပြနှင့် အားကစားသမားများအား ဆုချီးမြှင့်ခြင်း အခမ်းအနား **(ယာပုံ)** ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသရေစည်သူ မင်းအောင်လှိုင် တက်ရောက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများပေး အပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိပုံချိုစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သူရ သက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့်ဇနီးများ၊ တိုင်းမှူးများနှင့်ဇနီးများ၊ တပ်မမှူးများနှင့်ဇနီးများ၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ လက်ခံရယူကြမည့် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော တပ်မတော်မှနည်းပြများနှင့် အားကစားသမားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ယနေ့ကျင်းပသည့် အခမ်းအနားသည် နိုင်ငံတော်နှင့် တပ်မတော်အတွက် သာလွန်သော ကြိုးစား အားထုတ်မှု၊ "အနိုင်မခံ အရှုံးမပေး"သော တပ်မတော်သား ကောင်းပီသသည့် စိတ်ဓာတ်၊ စည်းလုံးညီညွတ်သော အသင်းအဖွဲ့ စိတ်ဓာတ်၊ ဖြူစင်သန့်ရှင်းသော အားကစား စိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်နှင့် တပ်မတော်ဂုဏ်ကို ဆောင်ကြဉ်းပေးနိုင်ခဲ့သော နိုင်ငံ့ဂုဏ်ဆောင် တပ်မတော် အားကစားသမားများနှင့် နည်းပြများကို ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုများချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားဖြစ်ပါကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသော အားကစားပြိုင်ပွဲကြီး နှစ်မျိုးလုံးတွင် တပ်မတော်သား အားကစားသမားများ၊ နည်းပြများနှင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရုံမျှမက နိုင်ငံတော်နှင့် ပြည်သူတို့အတွက် ခိုင်မာသော Institution ကြီးဖြစ်သည်နှင့်အညီ ကဏ္ဍပေါင်းစုံတွင် နည်းမျိုးစုံနှင့် စိတ်ရောကိုယ်ပါ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

မြန်မာ့ တပ်မတော်အနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး မကျင်းပမီ နှစ်လခန့် အလိုတွင် (၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲကို ပြင်ဦးလွင်မြို့ တပ်မတော်စက်ပစ်ကွင်းတွင် ပထမဦးဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပေးနိုင်ခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံ အသီးသီးက တက်ရောက်လာသော တပ်မတော်အကြီးအကဲများ၊ ပြိုင်ပွဲဝင်အားကစားသမားများက လေးစားအားကျ အသိအမှတ်ပြုဖွယ်ဖြစ်သည်အထိ တပ်မတော်၏ စွမ်းဆောင်နိုင်ရည် ပြသနိုင်ခဲ့ကြောင်း၊ မြန်မာ့မြေပေါ်တွင် တပ်မတော်အချင်းချင်း၏ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်း အေးချမ်းသာယာမှုနှင့် တပ်မတော်ခေါင်းဆောင်များအကြား ပိုမိုရင်းနှီးမှု ရရှိစေရေး သမိုင်းမှတ်တိုင်ကို မိမိတပ်မတော်က စိုက်ထူနိုင်ခဲ့ကြောင်း။

အလားတူ မိမိတပ်မတော်သားများ၊ တပ်မတော်မိသားစုဝင်များ၏ အားကစားအောင်မြင်မှုတွေကလည်း တပ်မတော်၏ဂုဏ်သိက္ခာနှင့် စွမ်းရည်ထက်မြက်မှုကို ထုတ်ဖော်ပြသလျက်ရှိကြောင်း၊ ထို့အပြင် ကျစ်လျစ်ခိုင်မာသော တပ်တွင်းစည်းလုံးညီညွတ်မှု၊ စိတ်ဓာတ်ခိုင်မာမှုနှင့် ဖွဲ့သတ္တိပြည့်ဝမှု၊ စည်းကမ်းကောင်းမွန်မှု၊ တပ်မတော်၏ရည်မှန်းချက် ပြီးမြောက်အောင် ဆောင်ရွက်တတ်မှု စိတ်ဓာတ်နှင့် ဓလေ့စရိုက်ကောင်းများကို ဖော်ညွှန်းနေခြင်းပင်ဖြစ်ကြောင်း။

မြန်မာ့အားကစားအောင်မြင်မှု သမိုင်းနှင့်ယှဉ်ပြီး မိမိတို့တပ်မတော်သား အားကစားသမားများ၏ စွမ်းဆောင်နိုင်မှုများလည်း ဒွန်တွဲပါဝင်လျက်ရှိကြောင်း၊ မြန်မာ့ဘောလုံးရွှေခေတ်ဟု တင်စားခေါ်ဝေါ်ခဲ့ကြသည့် ၁၉၆၄ ခုနှစ်မှ ၁၉၇၃ ခုနှစ် ကာလအတွင်း မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းများတွင် တပ်မတော်သား ဘောလုံးအားကစားသမား ၅၀ ကျော်ပါဝင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ၁၉၆၁ ခုနှစ်တွင် လက်ခံကျင်းပခဲ့သည့် ဒုတိယအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၃၅ ခုအပါအဝင် ဆုတံဆိပ်ပေါင်း ၈၀ ရရှိခဲ့သည့်အနက် တပ်မတော်သား အားကစားသမားများက ရွှေတံဆိပ် ၁၆ ခုအပါအဝင် ဆုတံဆိပ်ပေါင်း ၃၂ ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း။

အလားတူ ၁၉၆၉ ခုနှစ်တွင်လည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ပဉ္စမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံက ဆုတံဆိပ်ပေါင်း ၁၁၄ ဆုနှင့်ပထမရခဲ့ရာတွင် တပ်မတော် အားကစားသမားများက ရလဒ်၏ ၄၀ ရာခိုင်နှုန်းရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း။

၄င်းနောက် ၄၄ နှစ်အကြာမှ အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပခွင့်ရခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခု၊ ကြေးတံဆိပ် ၈၅ ခု စုစုပေါင်း ၂၃၃ ခုနှင့် ဒုတိယအဆင့်ကို ထိုက်တန်စွာရရှိခဲ့ကြောင်း၊ ယင်းပြိုင်ပွဲကြီးတွင် တပ်မတော်အနေဖြင့် အားကစားသမား ၁၆၃ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၅၈ ဦးက နိုင်ငံတော်နှင့် တပ်မတော်အတွက် ဂုဏ်ယူဖွယ်ရာ ဆုတံဆိပ်များကို ဆွတ်ခူးရယူပေးနိုင်ခဲ့ကြောင်း။

ထို့အတူ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သော (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် တပ်မတော်မှ အားကစားသမား ၇၄ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၂၇ ဦးက ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်အတွက် ပို၍ဂုဏ်ယူစရာကောင်းသောအချက်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရှပ်ရှပ်ချွံချွံ ထမ်းဆောင်ရင်း ကိုယ်ခန္ဓာအစိတ်အပိုင်းများ ပေးဆပ်စွန့်လွှတ်ခဲ့ရသော တပ်မတော်သားများက နိုင်ငံတကာမသန်စွမ်း အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များစွာ ရယူပေးခဲ့ပြီး မသန်သော်လည်း စွမ်းကြသည်ကို ပြသခဲ့ကြကြောင်း၊ တပ်မတော်၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုနှင့် စွမ်းရည်ထက်မြက်မှုများကြောင့်ပင် ဖြစ်ကြောင်း။

ယခုအောင်ပွဲများနှင့်သာ ကျေနပ်နှစ်သိမ့်မနေဘဲ အနာဂတ်ပြိုင်ပွဲများတွင်လည်း အောင်ပွဲခံနိုင်အောင် တပ်မတော် အားကစားသမားများပီသစွာ ကြံ့ခိုင်ထက်သန်သောစိတ်ဓာတ်ဖြင့် ကြိုးစားအားထုတ်သွားကြရန်၊ တာဝန်ရှိသူများအနေဖြင့်လည်း တပ်မတော်အားကစားစွမ်းဆောင်မှုမြင့်မားရေးမှသည် မြန်မာ့အားကစား စွမ်းဆောင်မှု မြင့်မားရေးအထိ ကြိုးပမ်းအားထုတ်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၀၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်ငါးခု၊ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ခုနစ်ခု၊ (၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ငါးခုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော အားကစားသမားများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် (၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်ကိုးခုရရှိခဲ့ကြသော အမျိုးသမီးအားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ငွေတံဆိပ် ၁၁ ခု၊ (၇)ကြိမ်မြောက် မသန်စွမ်း အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု ရရှိခဲ့ကြသော အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်ခြောက်ခု၊ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်နှစ်ခု ရရှိခဲ့ကြသော အမျိုးသမီး အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကြေးတံဆိပ် ၂၀ ခုရရှိခဲ့ကြသော အားကစားသမားများအား လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်လေးခု၊ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်နှစ်ခုရရှိသော အားကစားသမားများနှင့် ပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ပေးခဲ့ကြသော နည်းပြ ၁၅ ဦးတို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသော အခမ်းအနားတွင် ရွှေတံဆိပ် ၃၆ ခု၊ ငွေတံဆိပ် ၁၇ ခု၊ ကြေးတံဆိပ် ၅၂ ခုအပါအဝင် ဆုတံဆိပ်ပေါင်း ၁၀၅ ခုရရှိအောင် စွမ်းဆောင်ပေးခဲ့ကြသော အားကစားသမား ၈၁ ဦးနှင့်နည်းပြ ၁၅ ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော တပ်မတော်မှ နည်းပြနှင့် အားကစားသမားများနှင့် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်း ဧည့်ခံစဉ် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ မြဝတီတေးဂီတအဖွဲ့က ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေသီဆိုပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တေးသီချင်းများဖြင့် ဖျော်ဖြေသီဆိုပေးသော မြဝတီတေးဂီတအဖွဲ့မှ စစ်သမီးများအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**






# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E.Mr.Thierry MATHOU အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ပြင်သစ်နိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံစစ်သံမှူး Lieutentant Colonel Thierry POIGNANT တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပါတီစုံဒီမိုကရေစီ လျှောက်လှမ်းရာတွင် တပ်မတော်၏ ရပ်တည်ချက်များနှင့် ပါဝင်ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ လက်နက်ကိုင်ပဋိပက္ခများနှင့် ဆူပူအကြမ်းဖက်မှု ပဋိပက္ခများအား တပ်မတော်က ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား နယ်ပယ်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နိုင်ငံတကာသတင်း

# အာဖရိကမှရွှေ့ပြောင်းလာသူ ၁၁၂၃ ဦးအား အီတလီရေတပ်ကကယ်တင်

အာဖရိကမြောက်ပိုင်းမှရွှေ့ပြောင်းလာသူများအား အီတလီရေတပ်မှ ကယ်တင်နေစဉ်။



**လမ်ပီဒူကာ ဖေဖော်ဝါရီ ၇**

အီတလီရေတပ်က အာဖရိကမြောက်ပိုင်းမှ ရွှေ့ပြောင်းနေထိုင်သူ ၁၁၂၃ ဦးအား လုံခြုံမှုမရှိသော စက်လှေများမှ ၂၄ နာရီအတွင်း ကယ်တင်လိုက်ရကြောင်း အီတလီရေတပ်ကပြောသည်။

အဆိုပါ ပြောင်းရွှေ့နေထိုင်သူများကို လမ်ပီဒူကာကျွန်းအရှေ့တောင်ဘက် မိုင် ၂၀ ခန့်အကွာ၌ စက်လှေရှစ်စင်းနှင့် ဝမ်းပြားရေယာဉ်တစ်စင်းအတွင်းမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းတို့တွင် အမျိုးသမီး ၄၇ ဦးပါဝင်ပြီး ကိုယ်ဝန်ဆောင်မိခင် လေးဦးပါဝင်သည်။ ထို့အပြင် ကလေး ၅၀လည်း ပါဝင်သည်။ ယင်းတို့အားလုံးသည် ဆာဟာရအာဖရိကဒေသခွဲမှ ဖြစ်ဖွယ်ရှိကြောင်း ရေတပ်ကပြောသည်။ ထိုအတောအတွင်း ရွှေ့ပြောင်းလာသူအနည်းဆုံး ခုနစ်ဦး ကမ်းခြေသို့ရောက်ရှိရန်ကြိုးစားရာ ရေနစ်သေဆုံးခဲ့သည်။ မော်ရိုကိုအနီး ကမ်းခြေတစ်ခုပေါ်တွင် အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးတစ်ဦး၏ အလောင်းများကိုတွေ့ရှိခဲ့ကြောင်း ဒေသခံများကပြောသည်။

အဆိုပါ သေဆုံးသူများသည် ဖေဖော်ဝါရီ ၆ ရက်က စပိန်ပိုင်နက် ကမ်းခြေသို့ ဝင်ရောက်ရန်ကြိုးစားသူ ရာပေါင်းများစွာထဲမှာ ပါဝင်ကြသူများ ဖြစ်ကြသည်။

မော်ရိုကို ကမ်းခြေစောင့်တပ်က လူပေါင်း ၁၅၀ ခန့်၏ အလောင်းများကိုတွေ့ရှိသည်ဟုဆိုသည်။ ယင်းတို့သည် ကမ်းခြေသို့ပြန်ကူးစဉ် ရေနစ်သေဆုံးခဲ့ကြကြောင်း မော်ရိုကိုကမ်းခြေစောင့်တပ်ကပြောသည်။ ရွှေ့ပြောင်းသူ ၂၀၀၀ ခန့်သည် ပြီးခဲ့သည့်လက အီတလီကမ်းခြေများသို့ ခြေချနိုင်ခဲ့သည်။ **(ဘီဘီစီ)**

# ပါကစ္စတန်နှင့် တာလီဘန် ပထမဆုံးအကြိမ်ဆွေးနွေး

**အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၇**

ပါကစ္စတန်အစိုးရနှင့် တာလီဘန်အဖွဲ့တို့အကြား ပထမဆုံးအကြိမ် အစ္စလမ္မာဘတ်မြို့၌ တရားဝင်တွေ့ဆုံခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသည် ဆယ်စုနှစ်နှင့်ချီ ကြာခဲ့ပြီဖြစ်သော အကြမ်းဖက်မှုများ အဆုံးသတ်ရန် စေ့စပ်ဆွေးနွေးရေး လမ်းပြမြေပုံတစ်ခု ထူထောင်ချမှတ်သွားရန် ရည်ရွယ်ထားသည်ဟု ဆိုသည်။

ပါကစ္စတန်အစိုးရက ရန်လိုတိုက်ခိုက်မှုများ အဆုံးသတ်ရေး အပါအဝင် အချက်ငါးချက်ထုတ်ပြန်လိုက်ပြီး ငြိမ်းချမ်းရေးခရီးကိုစတင်မည်ဟုဆိုသည်။

အဆိုပါ တာလီဘန်အဖွဲ့က အစိုးရခေါင်းဆောင်များနှင့် ဆွေးနွေးရန် နိုင်ငံအနောက်မြောက်ပိုင်းသို့ သွားရောက်ကြရေး သဘောတူထားကြသည်။ တာရိုးအီး တာလီဘန် ပါကစ္စတန် (တီတီပီ)မှ စစ်သွေးကြွများသည် ၂၀၀၇ ခုနှစ်နောက်ပိုင်း အကြမ်းဖက်မှုများ စတင်ပြုလုပ်ခဲ့ကြသည်။ အပြုသဘောဆောင်သော ဆွေးနွေးပွဲကျင်းပရန် ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှုရစ်က လွန်ခဲ့သော သီတင်းပတ်ကကြေညာခဲ့သည်။

ဇန်နဝါရီလအတွင်း နိုင်ငံတစ်ဝန်း တာလီဘန်တို့ တိုက်ခိုက်မှုကြောင့် စစ်သားများအပါအဝင် လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့ရသည်။ ၂၀၀၇ ခုနှစ်မှစပြီး တီတီပီတို့ တိုက်ခိုက်မှုအတွင်း လူထောင်ပေါင်းများစွာတို့ သေဆုံးခဲ့ရသည်။

## ကြေညာချက်ထုတ်ပြန်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို အစ္စလမ္မာဘတ်မြို့ ခိုင်ဘာပတ်တွန်ကွာ အိမ်တော်၌ သုံးနာရီကြာ အစည်းအဝေးပြုလုပ်ခဲ့ကြသည်။ တာလီဘန်အဖွဲ့တာဝန်ရှိသူ မော်လာနာဆာမိယူးလ်ဟက်က ဆွေးနွေးပွဲအပြီးတွင် ပူးတွဲကြေညာချက် ဖတ်ကြားကြေညာသည်။ အစိုးရဘက်မှလည်း အချက်ငါးချက်ပါ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

တာလီဘန်တို့က ပါကစ္စတန်နိုင်ငံတစ်ဝန်း အစ္စလာမ့်ဥပဒေ ပြဋ္ဌာန်းပြီး အမေရိကန်တပ်ဖွဲ့များ ဒေသမှ ရုပ်သိမ်းရန်လိုလားနေသည်။ **(ဘီဘီစီ)**

# ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း၌ ကားတစ်စီး ချောက်ထဲထိုးကျ၊ ၁၄ ဦးသေဆုံး

**မနီလာ ဖေဖော်ဝါရီ ၇**

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း၌ ခရီးသည်တင် ဘတ်စ်ကားတစ်စီး ချောက်ထဲသို့ထိုးကျရာ ၁၄ ဦးသေဆုံးပြီး အခြား ၂၀ မှာ ဒဏ်ရာများရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၇ ရက်တွင် ရဲအရာရှိက အတည်ပြုပြောကြားသည်။

အဆိုပါခရီးသည်တင်ဘတ်စ်ကားမှာ မြို့တော်မနီလာမှ ဘွန်တော့မြို့သို့ မောင်းနှင်လာရာ တာလူဘင်ရွာအနီး၌ အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲသို့ ထိုးကျသွားခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ၄င်းကပြောကြားသည်။ **(ဆင်ဟွာ)**

# ပေါင် ၂၀၀၀ စစ်ကျန်ဗုံး ဟောင်ကောင်ရဲ စနက်တံဖြုတ်

**ဟောင်ကောင် ဖေဖော်ဝါရီ ၇**

ဒုတိယကမ္ဘာစစ်အတွင်းက အကြီးဆုံးဗုံးဖြစ်ဖွယ်ရှိသော ပေါင် ၂၀၀၀ ရှိ အမေရိကန်ဗုံးတစ်လုံးကို ဟောင်ကောင်၌ ရဲတပ်ဖွဲ့က စနက်တံဖြုတ်ခဲ့သည်။

အဆိုပါဗုံးကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းက ဟောင်ကောင်မြို့ ဟက်ပီးဗယ်လီခရိုင် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ တွေ့ခဲ့ပြီး လူပေါင်း ၂၂၀၀ ကျော်ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်ဟုဆိုသည်။

AN-M66 ဟုအမည်ပေးထားသည့် အဆိုပါဗုံးတွင် ပေါက်ကွဲပစ္စည်း ပေါင် ၁၀၀၀ ပါဝင်သည်ဟုဆိုသည်။ အဆိုပါဗုံးသည် ဂျပန်က ဗြိတိသျှကိုလိုနီ ဟောင်ကောင်ကို သိမ်းပိုက်ထားစဉ် ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်ရေတပ်က ချထားခဲ့ဖွယ်ရှိသည်။

အဆိုပါဗုံးကြီးကို စနက်တံဖြုတ်ရာတွင် ဗုံးအတွင်း ပေါက်ကွဲပစ္စည်းများစွာ ထည့်ထားခြင်းကြောင့် နည်းပညာအခက်အခဲများစွာနှင့်ကြုံရပြီး အချိန်ကြာမြင့်စွာပြုလုပ်ခဲ့ရသည်ဟု ဗုံးစနက်တံဖြုတ်ရေး ထိပ်တန်းအရာရှိ ဂျင်မီယူအင်က ပြောသည်။ **(ဘီဘီစီ)**

# ဘတ်စ်ကားခများမြင့်တက်မှု ရဲနှင့်ဆန္ဒပြသူ အဓိကရုဏ်းဖြစ်

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၇**

ဘရာဇီးနိုင်ငံ၌ ပြည်သူ့ပို့ဆောင်ရေးဘတ်စ်ကားခများ မြင့်တက်မှုကို ဆန့်ကျင်ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့တို့ အဓိကရုဏ်းဖြစ်ပွားခဲ့သည်။

ရာပေါင်းများစွာသော ပြည်သူများနှင့် ရဲတပ်ဖွဲ့တို့ အဓိကရုဏ်းဖြစ်ပွားခဲ့သည်။ ရီယိုဒီဂျနေးရိုးမြို့လယ် ဘူတာရုံ၌ ရုံးဆင်းချိန်တွင် အကြမ်းဖက်မှု အဓိကရုဏ်းဖြစ်ပွားခဲ့ကြသည်။ ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများသုံးပြီး လူစုခွဲခဲ့သည်။ ထိုအတောအတွင်း တက်ကြွလှုပ်ရှားသူများက ကျောက်ခဲများ၊ ခါတ်ဆီဗုံးများဖြင့် ပစ်ပေါက်ခဲ့ကြသည်။ ဓာတ်ပုံသတင်းထောက်တစ်ဦးခေါင်းတွင် ဒဏ်ရာရပြီး ဆေးရုံတင်ပို့ခဲ့ရသည်။ အဓိကရုဏ်းဖြစ်မှုတွင် လူခြောက်ဦး ဒဏ်ရာရခဲ့သည်။ အနည်းဆုံး လူ ၂၀ ဖမ်းဆီးထားသည်။

ဘတ်စ်ကားခကို ဘရာဇီးငွေ ၂ ဒသမ ၇၅ ရီအစ်( ၁ ဒသမ ၂၀ ဒေါ်လာ) မှ ၃ ရီအစ်(၁ ဒသမ ၃၀ ဒေါ်လာ)အထိ မြင့်တက်သွားခဲ့သည်။ ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ ၂၀၁၃ ခုနှစ် မေလမှစပြီး အစိုးရက ကမ္ဘာ့ဖလားလက်မှတ်များ ဈေးမြင့်လိုက်ချိန်မှစပြီး ဆန္ဒပြမှုများ စတင်ဖြစ်ပွားခဲ့သည်။ **(ဘီဘီစီ)**


## အမြန်ရောင်းရန်ရှိသည်



မိုးကုတ်မြို့နယ်၊ ထင်းရှူးတောင်ဒေသတွင် မွေးမြူထားသော ချင်းပြည်နယ်မှ နွားနောက်မျိုးစစ်စစ်များအား ဝယ်ယူရရှိနိုင်ပါသည်။ နွားနောက်သောက်သုံးရေ ရရှိရန် အခက်အခဲရှိနေပါသဖြင့် အမြန်ရောင်းရန်ရှိသည်။ **(အကောင်ရေ ၂၀၀ နီးပါးရှိပါသည်။)**

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ-**

**၀၈၆-၂၀၃၀၇၊ ၀၉-၄၉၃၄၃၅၃၃၊ ၀၉-၄၉၂၁၅၁၁၁၊ ၀၉-၄၉၂၁၅၃၃၃၊ ၀၉-၄၉၂၁၅၆၆၆**




## အမြန်ရောင်းမည်

အိမ်စီးဇိမ်ခံကား ဘီအမ်ဒဗလျူ (ဂရိတ်အပြည့်)၊ နံပါတ်အလှ အမြန်ရောင်းရန်ရှိသည်။

**ဆက်သွယ်ရန်-**

**ဖုန်း-၀၉-၄၂၀၁၈၀၇၈၂၊ ၀၉-၅၀၂၈၀၂၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ပီကာလူးဝစ်ကျားခု (ဘ) ဦးကျားခု ၁၃/ကကန(နိုင်)၀၀၄၁၄၂ PPM-538123 ပျောက်ဆုံးသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၁၇၇၅၅၆၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Sapphire Moon Co., Ltd.၏ သွင်းကုန်လိုင်စင်အမှတ် IL 6/12-13/3355/ 12-12-2012 မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း- ၀၉-၈၆၂၈၉၅၈၊ ၀၉-၅၀၂၄၉၅၈ တို့သို့ ဆက်သွယ်ပေးပါရန်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍....

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ အဓိကရည်မှန်းချက်မှာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဖြစ်ပါသည်။

ရည်မှန်းချက်အောင်မြင်ရေးအတွက် လုပ်ငန်းတာဝန်(၄) ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ "မော်တော်ယာဉ်မောင်းများကို စစ်ဆေး၍ ယာဉ်မောင်းလိုင်စင်များကို ဥပဒေနှင့်အညီထုတ်ပေးရန်" ဟူသော လုပ်ငန်းတာဝန်တစ်ရပ်ပါဝင်သည်။ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရာတွင် ယခင်က မိမိနည်းမိမိဟန်ဖြင့် ယာဉ်မောင်းသင်ကြား၍ တတ်မြောက်လျှင် ဖြေဆိုခွင့်ပြုခဲ့ပါသည်။

ယခုအခါ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် အရည်အချင်းပြည့်ဝသော ယာဉ်မောင်းများကိုသာ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် ဦးတည်၍ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး နယ်မြေတွင် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ယာဉ်မောင်းသင်တန်းကျောင်းများတွင် တက်ရောက်သင်ကြားပြီးကြောင်း အသိအမှတ်ပြု သင်တန်းဆင်းလက်မှတ်ပါရှိမှသာ ဖြေဆိုခွင့်ပြုလျက်ရှိပါသည်။ ယာဉ်မောင်းသင်တန်းကျောင်းမရှိသေးသည့် ဒေသများတွင်လည်း မိမိဌာနမှဖွင့်လှစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရက်တိုသင်တန်းများတွင် တက်ရောက်သင်ကြားပြီးသူများကိုသာ ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့်ပြုပါသည်။ စစ်ဆေးရာတွင်လည်း အမြင်အရောင်ခွဲခြားစစ်ဆေးခြင်း(Colour Blind Test)၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိမှုကို ရေးဖြေစနစ်ဖြင့် စစ်ဆေးခြင်း၊ ယာဉ်မောင်းလက်တွေ့မောင်းနှင်မှုစစ်ဆေးခြင်းတို့ကို ပြုလုပ်ပြီး အောင်မြင်မှသာ သတ်မှတ်ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုစာရင်းအရ တစ်ရက်လျှင် ယာဉ်တိုက်မှု ၃၀ ဒသမ ၁၂ မှုခန့်ဖြစ်ပွားပြီး ဒဏ်ရာရသူ ၆၄ ဒသမ ၀၅ ဦးခန့်နှင့် သေဆုံးသူ ၁၀ ဒသမ ၁၉ ဦးခန့်ရှိကြောင်း တွေ့ရှိရသည်။ လွန်ခဲ့သည့် ငါးနှစ်အတွက် သုံးသပ်ရာတွင် နှစ်စဉ်ပျမ်းမျှအားဖြင့် ယာဉ်တိုက်မှု ၁၃ ဒသမ ၃၃ ရာခိုင်နှုန်းခန့် ဒဏ်ရာရသူ ၁၂ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် သေဆုံးသူ ၁၄ ဒသမ ၄၉ ရာခိုင်နှုန်းခန့် တိုးနေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ယာဉ်မတော်တဆဖြစ်ပွားမှု၊ ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရသည်-

**မြန်မာနိုင်ငံ၏ ယာဉ်မတော်တဆထိခိုက်အန္တရာယ်ဖြစ်မှုအခြေအနေပြဇယား**

| စဉ် | ခုနှစ် | ယာဉ်တိုက်မှု | ဒဏ်ရာရမှု | သေဆုံးမှု | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂၀၀၉ | ၈၄၆၁ | ၁၄၇၀၀ | ၂၁၇၃ | |
| ၂ | ၂၀၁၀ | ၉၀၂၀ | ၁၆၀၁၃ | ၂၄၆၁ | |
| ၃ | ၂၀၁၁ | ၁၀၁၂၃ | ၁၇၀၈၀ | ၂၇၉၆ | |
| ၄ | ၂၀၁၂ | ၁၁၆၇၅ | ၁၉၆၈၄ | ၃၄၂၂ | |
| ၅ | ၂၀၁၃ | ၁၃၉၁၂ | ၂၃၃၇၈ | ၃၇၂၁၂ | |

## ငမ်ခိုင်ပါးပါး

ယာဉ်တိုက်ခိုက်မှုဖြစ်ပွားရခြင်းအကြောင်းရင်းများကို ဆန်းစစ်ကြည့်ရာတွင် ယာဉ်တိုက်မှုများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် အခြေခံအားဖြင့် ယာဉ်ကိုကောင်းမွန်စွာမောင်းနှင်တတ်သော်လည်း ယာဉ်မောင်းစည်းကမ်းပျက်ခြင်းကြောင့်ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ယာဉ်တိုက်ခိုက်မှုဖြစ်ပွားသော ယာဉ်မောင်းများအား ယာဉ်မောင်းလိုင်စင်ရှိမှု/မရှိမှုကို စစ်ဆေးရာတွင်လည်း ၅၅ ဒသမ ၄၃ ရာခိုင်နှုန်းကျော်သည် ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်၍ ယာဉ်တိုက်ခိုက်မှုဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။ အချို့မှာယာဉ်မောင်းလိုင်စင်ကိုင်ဆောင်လျက်နှင့် မရှိဟုဖြေဆိုခြင်းများရှိနိုင်သော်လည်း ၎င်းတို့အထဲမှ အများစုမှာ ယာဉ်မောင်းလိုင်စင်မရှိဘဲ လမ်းပေါ်တွင် မောင်းနှင်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရသည်။ ယာဉ်စီးရေနှင့် ယာဉ်မောင်းလိုင်စင်စောင်ရေ ကိုင်ဆောင်သူအချိုးကို စိစစ်ရာတွင် ၂၀၁၁ ခုနှစ်တွင် ၁း၁ ဒသမ ၀၇ ရှိရာမှ ၂၀၁၃ ခုနှစ်တွင် ၁း၀ ဒသမ ၇၃ သို့ကျဆင်းလာသဖြင့် ယာဉ်စီးရေ ၁၀၀တွင် ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်သူ ၇၃ ဦးရှိပြီး ယာဉ်မောင်းလိုင်စင်မဲ့မောင်းနှင်သူ ၂၇ ဦးရှိကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးရေနှင့် ယာဉ်မောင်းလိုင်စင်စောင်ရေ တိုးတက်မှုအခြေအနေကို အောက်ပါအတိုင်းတွေ့ရှိရသည်-

**မြန်မာနိုင်ငံ၏ မော်တော်ယာဉ်တိုးတက်မှုအခြေအနေပြဇယား**

| စဉ် | ခုနှစ် | မော်တော် ဆိုင်ကယ်စီးရေ | မော်တော် ယာဉ်စီးရေ | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂၀၀၉ | ၁၆၇၄၂၄၆ | ၃၉၃၅၉၃ | ၂၀၆၇၈၃၉ | |
| ၂ | ၂၀၁၀ | ၁၈၈၀၉၈၆ | ၄၁၇၆၉၁ | ၂၂၉၈၆၇၇ | |
| ၃ | ၂၀၁၁ | ၁၉၃၃၆၇၃ | ၄၂၀၆၀၂ | ၂၃၅၄၂၇၅ | ၁၉-၉-၂၀၁၁မှတ်ပုံတင်သက်တမ်းကြာမြင့်ယာဉ်များအား ဖျက်သိမ်းရေးနှင့် အစားထိုးယာဉ်တင်သွင်းခြင်း စီမံချက်စတင်။ |
| ၄ | ၂၀၁၂ | ၃၁၅၃၂၀၁ | ၄၆၁၀၅၅ | ၃၆၁၄၂၅၆ | ၅-၆-၂၀၁၂မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များအားမှတ်ပုံတင်ပေးရေး စီမံချက်ဆောင်ရွက်။ |
| ၅ | ၂၀၁၃ | ၃၄၁၈၉၁၈ | ၅၉၇၈၃၉ | ၄၀၁၆၇၅၇ | |

**မြန်မာနိုင်ငံ၏ ယာဉ်မောင်းလိုင်စင်တိုးတက်မှုအခြေအနေပြဇယား**

| စဉ် | ခုနှစ် | မော်တော်ဆိုင်ကယ် မောင်းလိုင်စင် | ကိုယ်ပိုင်ယာဉ် မောင်းလိုင်စင် | အငှားယာဉ် မောင်းလိုင်စင် | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ၂၀၀၉ | ၁၁၀၁၄၅၀ | ၇၂၈၂၄၅ | ၃၇၁၄၉၃ | ၂၂၀၁၁၈၈ |
| ၂ | ၂၀၁၀ | ၁၂၉၁၀၈၇ | ၇၇၂၁၅၉ | ၄၀၅၀၄၅ | ၂၄၆၈၂၉၁ |
| ၃ | ၂၀၁၁ | ၁၃၃၃၁၅၅ | ၇၈၅၇၇၈ | ၄၁၁၉၂၀ | ၂၅၃၀၈၅၃ |
| ၄ | ၂၀၁၂ | ၁၄၄၉၉၇၂ | ၈၃၃၉၈၇ | ၄၃၀၀၃၃ | ၂၇၁၃၉၉၂ |
| ၅ | ၂၀၁၃ | ၁၅၈၁၁၂၂ | ၉၀၈၄၆၈ | ၄၄၁၉၂၃ | ၂၉၃၁၅၁၃ |

သို့ဖြစ်ပါ၍ တိုးတက်ပြောင်းလဲလျက်ရှိသောခေတ်နှင့်အညီ တိုးတက်များပြားလာသော ယာဉ်နှင့်လူဦးရေများအရ ယာဉ်မတော်တဆ ဖြစ်ပွားမှုအန္တရာယ်မှ ကာကွယ်ရန်အတွက် အရည်အချင်းပြည့်ဝသော ယာဉ်မောင်းကောင်းများကိုသာ ယာဉ်မောင်းလိုင်စင်ထုတ်ပေးနိုင်ရန်အတွက် လက်ရှိစစ်ဆေးဆောင်ရွက်မှုကို အောက်ပါအတိုင်း တိုးမြှင့်ဆောင်ရွက်ရန် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

(က) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လမ်းညွှန်၊ လမ်းအမှတ်အသား၊ အချက်ပြများနှင့်ယာဉ်သွားလာမှုဆိုင်ရာစည်းကမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်များပါဝင်သည့် ပညာပေးဗီဒီယိုခွေကြည့်ရှုစေပြီးမှ ဖြေဆိုခွင့်ပြုရန်။

(ခ) မော်တော်ယာဉ်(သို့မဟုတ်)မော်တော်ဆိုင်ကယ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်မှုအခြေအနေ ရှိမရှိမျက်မြင်စစ်ဆေးရန်။

(ဂ) ယာဉ်မောင်းဖြေဆိုသူ၏ စိတ်အခြေအနေ (အရက်စွဲသူဖြစ်၊ မဖြစ် အပါအဝင်) စစ်ဆေးခြင်း (Psychological & abusing alcohol Test) ပြုလုပ်ပြီး စံကိုက်ညီသူများသာ လိုင်စင်ထုတ်ပေးရန်။

(ဃ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လမ်းညွှန်၊ လမ်းအမှတ်အသားများနှင့်အချက်ပြများ မေးခွန်း(၂၀)ဖြေဆိုခြင်းအစား (၅၀)သို့ တိုးမြှင့်ဖြေဆိုစေပြီး အောင်မြင်မှလိုင်စင်ထုတ်ပေးရန်။

နိုင်ငံတကာရှိ ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်းစနစ်ကို လေ့လာ၍ မိမိနိုင်ငံနှင့်ကိုက်ညီမည့်စနစ်များကို တိုးမြှင့်၍စစ်ဆေးပေးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်လျော့နည်း ကျဆင်းရေးအတွက် ယာဉ်မောင်းနှင်သူ၊ စီးနင်းသူများအနေဖြင့်လည်း စည်းကမ်းမဲ့မောင်းနှင်ခြင်းများ ရှောင်ကြဉ်၍ နိုင်ငံကြီးသားပီသစွာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာပြီး စနစ်တကျမောင်းနှင်ပေးခြင်းဖြင့်လည်းကောင်း၊ လမ်းအသုံးပြုသူများကလည်း စည်းကမ်းတကျ လိုက်နာသွားလာခြင်းဖြင့်လည်းကောင်း ကူညီပေးကြပါရန် တိုက်တွန်းတင်ပြအပ်ပါသည်။ ။

# သာစည်မြို့နယ် ငါးဆူကျောင်းဗုဒ္ဓပူဇနီယပွဲတော်တွင် မြန်မာ့ရိုးရာ နွားပြိုင်ပွဲထည့်သွင်းကျင်းပ

**မိတ္ထီလာ ဖေဖော်ဝါရီ ၇**

မိတ္ထီလာခရိုင် သာစည်မြို့ သတ္တဌာန မဟာစေတီ(ငါးဆူကျောင်း)၏ အကြိမ် (၄၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင်အစဉ်အလာမပျက်မြန်မာ့ရိုးရာ နွားပြိုင်ပွဲကို ထည့်သွင်းကျင်းပလျက်ရှိကြောင်း နွားပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဌ ဦးကျော်လှိုင်က ပြောကြားသည်။

"ဘုရားပွဲတော်ရက်က တပို့တွဲလဆန်း ၁ ရက်ကနေ လဆန်း ၁၀ ရက်အထိဖြစ်ပြီး နွားပြိုင်ပွဲကိုတော့ တပို့တွဲလဆန်း ၅ ရက်ကနေ ၉ ရက်အထိ ကျင်းပပါတယ်။ နံနက်ခင်းပိုင်းတစ်ကြိမ်၊ ညနေခင်းပိုင်းတစ်ကြိမ် ပြိုင်ပွဲ ကျင်းပပါတယ်။ သုံးကြိမ်ပြိုင်၊ နှစ်ကြိမ်နိုင်သူအနိုင်စနစ်နဲ့ ပြိုင်ပွဲကျင်းပတာဖြစ်ပါတယ်။ မြန်မာ့ရိုးရာနွားပြိုင်ပွဲကျင်းပသည်မှာ ယဉ်ကျေးမှုအားကစားနည်း ထိန်းသိမ်းစောင့်ရှောက်ဖို့ရည်ရွယ်သလို တောင်သူနားချိန်မှာ ဒေသခံတောင်သူတွေ ပျော်ပွဲရွှင်ပွဲအဖြစ် ဖန်တီးပေးလိုတဲ့ ဆန္ဒကြောင့်လည်း နှစ်စဉ်ကျင်းပခဲ့တာဖြစ်ပါတယ်။ မနှစ်ကတော့ နွားပြိုင်ပွဲထည့်သွင်း ကျင်းပဖို့ပျက်ကွက်ခဲ့တယ်။ ဒီနှစ် တော့ မဖြစ်ဖြစ်အောင်ကျင်းပမယ်ဆိုပြီး ပြန်လည်ကျင်းပတာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါငါးဆူကျောင်းဘုရားပွဲတွင် နွားပြိုင်ပွဲများ ထည့်သွင်းကျင်းပခြင်းကြောင့် ပို၍စည်ကားခြင်းဖြစ်သည်။

နွားပြိုင်ပွဲသို့ သာစည်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ ပျော်ဘွယ်မြို့နယ်များရှိ ကျေးရွာများဖြစ်ကြသည့် သဘွတ်ကုန်း၊ရွာပုလဲကြီး၊ မကျီးသမျှား၊ ဘူးရုံ၊ ဒီးဒုတ်ကုန်း၊ ထနောင်းကန်၊ တောင်ဖီလာ၊ လှိုင်းတက်၊ ဝါးရုံ၊ ယင်းမရိုး စသည့် ကျေးရွာပေါင်း ၃၀ ကျော်မှ နွားများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး နွားကြီး (လှည်း)၊ နွားလတ် (လှည်း)၊ နွားငယ်လေး (ဗလာမောင်း) ပြိုင်ပွဲ အမျိုးအစားသုံးမျိုး ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲစည်းကမ်းမှာ နှစ်ဖက်လုံးခြေသားကျ(ဆင်ဟန်ပုတီးစိ)ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# စည်းကမ်းမဲ့ယာဉ်များ စစ်ဆေး

**ရမည်းသင်း ဖေဖော်ဝါရီ ၇**

ရမည်းသင်းမြို့နယ်တွင် ယာဉ်လိုင်စင်နှင့်ယာဉ်မောင်းလိုင်စင်မပါသော စည်းကမ်းမဲ့မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ မောင်းနှင်သူများအား ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီခွဲက ရှမ်းဝိုင်းရပ်ကွက် ဦးမင်းနိုင်လမ်း၊ စည်ပင်သာယာလမ်းနှင့် သစ္စာလမ်းဆုံတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က စစ်ဆေးအရေးယူခဲ့ကြောင်း သိရသည်။

**မူမူ(ရမည်းသင်း)**

တောတောင်ရှိမှ စမ်းရေရ၏

ပြည်သူ့လွှတ်တော်အစည်းအဝေး

# လေအားလျှပ်စစ်ထုတ်ယူနိုင်သည့် လေ့လာချက်အစီရင်ခံစာအရ စီမံကိန်းအကောင်အထည်ဖော်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ **"လေအားလျှပ်စစ်တပ်ဆင်ရေးအဖွဲ့ အမှန်တကယ် လာရောက်ရန် ရှိ/မရှိနှင့် ရောက်ရှိလာပါက ရခိုင်ပြည်နယ်အား ဦးစားပေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းဆောင်ရွက်နိုင်ရန် China Three Gorges Corporation နှင့် နားလည်မှုစာချွန်လွှာ(MoU)အား ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ နားလည်မှုစာချွန်လွှာအရ အကြိုစူးစမ်းတိုင်းတာမှုများကို အဆိုပါ တိုင်းဒေသကြီး/ပြည်နယ် လေးခုအတွင်း လေအားလျှပ်စစ်ထုတ်ယူနိုင်သော အလားအလာရှိသည့် နေရာများတွင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်တွင်လည်း လေအားလျှပ်စစ်ထုတ်ယူနိုင်သော စီမံကိန်းနေရာ (၁၀) ခုကို တိုင်းတာလေ့လာမှုများပြုလုပ်လျက်ရှိပြီး တိုင်းတာရရှိသော လေတိုက်နှုန်းနှင့် ပတ်ဝန်းကျင်မြေနေရာ အနေအထားအရ စီမံကိန်းများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ပုံစံဒီဇိုင်း၊ တစ်နှစ်ရရှိနိုင်သော လေစွမ်းအင်ပမာဏ၊ စီးပွားရေးတွက်ခြေကိုက်မှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လေ့လာချက်များ အားလုံးတွက်ချက်၍ အစီရင်ခံစာတင်ပြမည်ဖြစ်ပါကြောင်း၊ အစီရင်ခံစာအရ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းရှိသောနေရာများတွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။



လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြေကြားစဉ်။ (သတင်းစဉ်)

ကျန်းမာရေးဆိုင်ရာမေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က ရှင်းလင်းဖြေကြားခဲ့သည်။

ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **"ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်အရ ဆောင်ရွက်ပြီးစီးမှုများသုံးသပ်တင်ပြပေးရေး"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးကဏ္ဍ၌ ဆောင်ရွက်ဆဲ လုပ်ငန်းရှစ်ခုသည် ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ဖြည့်စွက်လုပ်ငန်း (၂၅၄)ခုမှာလည်း ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းသစ် ၂၆၀ တွင် ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်၍ ၂၀ ရာခိုင်နှုန်းကို ပစ္စည်းစုဆောင်းပြီးဖြစ်ပါကြောင်း၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂနှင့်လူနာတင်ယာဉ် ၅၆ စီး ဝယ်ယူခြင်းကို ငွေလုံးငွေရင်းအသုံးစရိတ်မှ ၇၅ ရာခိုင်နှုန်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း။

ဂျပန်နိုင်ငံအစိုးရမှ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ကျေးလက်ကျန်းမာရေးအဆင့်မြှင့်တင်ခြင်း စီမံချက်ဖြင့် ဆောင်ရွက်သော ကျေးလက်ကျန်းမာရေးဌာန (၃၂) ခု ဆောက်လုပ်ခြင်းလုပ်ငန်းသည် ၄၂ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ ဆေးရုံများအတွက် ဆေးဘက်ဆိုင်ရာကိရိယာများ ထောက်ပံ့ခြင်းအတွက် ဂျပန်နိုင်ငံ Mitsubishi Corporation နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ စာချုပ်ချုပ်ဆိုပြီး ဆေးဘက်ဆိုင်ရာကိရိယာများ ဖြည့်ဆည်းနိုင်ရေး JICA အဖွဲ့မှ တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေး ဦးစီးဌာနသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဆေးရုံများ ထောက်ပံ့ရန်အတွက် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျပ် ၁၆၀၀၀၀၀၀ တန်ဖိုးရှိ ဆေးရုံသုံးပရိဘောဂများကို စက်မှုဝန်ကြီးဌာနသို့ အမှာစာပေးပို့၍လည်းကောင်း၊ ကျပ် ၁၀၅၅၄၄၃၈၄၃၃၀ တန်ဖိုးရှိ ဆေးရုံသုံး စက်ကိရိယာများကို တင်ဒါခေါ်ယူ စာချုပ်ချုပ်ဆို၍လည်းကောင်း၊ ဆေးရုံသုံးပရိဘောဂများ၊ စက်ကိရိယာများ ဝယ်ယူရန် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ကျပ် ၁၄၈၇၆၃၁၆၄၀၀ တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို စက်မှုဝန်ကြီးဌာနသို့ အမှာစာပေးပို့၍ လည်းကောင်း၊



မာန်အောင် မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းစဉ်။ (သတင်းစဉ်)

ကျပ် ၂၈၉၅၁၅၉၉၆၈၄ တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို တင်ဒါခေါ်ယူ စာချုပ်ချုပ်ဆို၍လည်းကောင်း ဆေးနှင့်ဆေးပစ္စည်း များဝယ်ယူရန် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

လုပ်ငန်းစီမံကိန်း အသစ်ဖြစ်သော တောင်ကြီးဆေးတက္ကသိုလ် တည်ဆောက်ရေး လုပ်ငန်းစီမံကိန်းအတွက် ၁၃-၁-၂၀၁၃ ရက်တွင် လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီအဖွဲ့အစည်းနှင့် လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများစတင်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ရုံးသုံးစက်ကိရိယာများ၊ သင်ကြားရေး အထောက်အကူပြုစက်ပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် တင်ဒါခေါ်ယူ ရွေးချယ်ပြီးဖြစ်၍ ပစ္စည်းဝယ်ယူရေးစာချုပ်များ ချုပ်ဆိုရန် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်ရှိသော ဖြည့်စွက်လုပ်ငန်း(ဆောက်လုပ်ရေး)ခုနစ်ခုကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရွေးချယ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လအတွင်း လုပ်ငန်းများ အပြီးသတ်မည်ဖြစ်ပါကြောင်း၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဝင်းအတွင်း (၃၃/၀ ဒသမ ၄)ကေဗွီအေ၊ (၃၁၅) ကေဗွီအေဓာတ်အားခွဲရုံ တည်ဆောက်ခြင်းနှင့် (၃၃) ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၇-၅-၂၀၁၃ ရက်တွင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ ဆေးသုတေသန ဝင်းလုံခြုံရေးအတွက် အုတ်တံတိုင်း ခြံစည်းရိုးပြုလုပ်ခြင်း၊ အဝီစိရေတွင်း တစ်တွင်း၊ သစ်သားရေစင်၊ ရေမော်တာ၊ ရေစက်အိမ်ဆောက်လုပ်ခြင်းတို့အား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီသို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ သဘောတူညီချက်ရရှိပါက လုပ်ငန်းများစတင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

တိုင်းရင်းဆေးပညာဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်များဖြင့် ဆောင်ရွက်မည့်ဖြည့်စွက်လုပ်ငန်း (၁၅) ခုနှင့် လုပ်ငန်းသစ် (၁၅)ခုတို့အတွက် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးမှူးများက တင်ဒါခေါ်ယူစိစစ်ရွေးချယ် ဆောင်ရွက်ရာတွင် ဖြည့်စွက်လုပ်ငန်းခြောက်ခု၊ လုပ်ငန်းသစ်ခြောက်ခုတို့အတွက် ရန်ပုံငွေကျပ် ၅၂၇ ဒသမ ၇၉၀ သန်း ခွဲဝေချထားပြီး ဆောင်ရွက်နေပါကြောင်း၊ လုပ်ငန်းသုံး၊ ရုံးသုံးစက်မှုနှင့် စက်ပစ္စည်းများဝယ်ယူနိုင်ရေးအတွက် တင်ဒါခေါ်ယူရွေးချယ် စိစစ်နေဆဲဖြစ်ပါကြောင်း၊ ရုံးသုံးယာဉ်၊ မော်တော်ဆိုင်ကယ် ဝယ်ယူရန်အတွက် ဆောင်ရွက်နေဆဲဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင် (ကိုယ်စား) လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီက **"နမ့်စန်မြို့နယ်အတွင်းရှိ အုံလွိုင်ယဲကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ခိုလန်ကျေးလက်ကျန်းမာရေးဌာနအတွက် ဆေးခန်းနှင့် ဝန်ထမ်းများနေထိုင်ရန် အဆောက်အအုံဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် နမ့်စန်မြို့နယ်အတွင်းရှိ အုံလွိုင်ယဲကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်ဆောက်လုပ်ပေးရန်၊ ခိုလန်ကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံနှင့် နားလောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်တည်ဆောက်ပေးရေးအတွက် မြို့နယ်များတွင် အထောက်အကူပြုကော်မတီများ ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ မြို့နယ်များအတွင်း လိုအပ်ချက်များအား မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ အထောက်အကူပြုအဖွဲ့၊ ကျန်းမာရေးဦးစီးဌာနတို့နှင့် ညှိနှိုင်း၍ ဒေသန္တရစီမံကိန်းများတွင် ထည့်သွင်းလျာထားဆောင်ရွက်သင့်ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက တင်ပြလာသော ဒေသန္တရစီမံကိန်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ကဏ္ဍအလိုက် စီမံကိန်းများကို စီမံကိန်းကော်မရှင်နှင့် ဘဏ္ဍာရေးကော်မရှင်တို့တွင် ထည့်သွင်းညှိနှိုင်းပြီး ကျန်းမာရေးဝန်ကြီးဌာနသို့ ခွင့်ပြုသောရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# လုံလောက်ခြင်းမရှိသေးသည့် အထက်တန်းပြဆရာ၊ ဆရာမများ တိုးမြှင့်ခန့်ထားနိုင်ရေးလုပ်ဆောင်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က **၁၀ နှစ်တာကာလ ၂၀၀၃-၂၀၁၀ အတွင်း တက္ကသိုလ်ဝင်အောင်စာရင်းများကို ဆန်းစစ်လေ့လာမှု ပြုထားခြင်း ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း တက္ကသိုလ်ဝင်အောင်စာရင်းများ ဆန်းစစ်လေ့လာမှုပြုထားခြင်း မရှိသော်လည်း ပညာရေးဝန်ကြီးဌာနအောက်တွင်ရှိသည့် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနမှ ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ခြောက်နှစ်တာကာလ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဆန်းစစ်လေ့လာပြီးပြုစုထားရှိပါကြောင်း။

ထို့ပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အောင်ချက်ရာခိုင်နှုန်း နှိုင်းယှဉ်ချက်၊ ယခင်ပညာသင်နှစ်အောင်ချက်ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ချက်၊ ဂုဏ်ထူးရရှိမှုအခြေအနေနှိုင်းယှဉ်ချက်တို့ကိုလည်း လေ့လာဆန်းစစ်မှုများပြုလုပ်ထားရှိပါကြောင်း၊ ထိုလေ့လာဆန်းစစ်ချက်များအပေါ် အခြေခံပြီး သင်ယူတတ်မြောက်မှုနှင့် အောင်ချက်မြင့်မားမှုတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်ကြီးကြပ်မှုနှင့် တက္ကသိုလ်ဝင်တန်းသင်ကြားသည့် ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေးသင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း၊ ကျောင်းချိန်ပြင်ပအချိန်ပိုသင်ကြားပေးခြင်းနှင့် စာကျက်ဝိုင်းများ ဆောင်ရွက်ပေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများအား ပါမောက္ခ၊ စာစစ်မှူးများမှ ဘာသာရပ်ဆိုင်ရာများ ဟောပြောပို့ချမှုများပြုလုပ်စေခြင်း၊ Weekly Test, Pretest များပုံမှန်စစ်ဆေးခြင်း၊ တက္ကသိုလ်ဝင် စာမေးပွဲကြီး မေးခွန်းပုံစံ သုံးနာရီမေးခွန်းများဖြင့် အကြိုစစ်ဆေးခြင်း၊ ယခင်နှစ် မေးခွန်းဟောင်းများဖြင့် လေ့ကျင့်ဖြေဆိုစေခြင်းတို့ဖြင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုနှင့် အားနည်းသည့် ဘာသာရပ်များကို ကြိုတင်အကဲဖြတ်ဆန်းစစ်စေခြင်းတို့ကို ဆောင်ရွက်နေပါကြောင်း။



ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ထို့ပြင် ပညာရေးဝန်ကြီးဌာနအနေဖြင့် သတင်းစာနှင့် ရုပ်မြင်သံကြားတို့မှ တက္ကသိုလ်ဝင်တန်း ဘာသာရပ်ဆိုင်ရာသိကောင်းစရာများကို ရေးသားထုတ်လွှင့်ပို့ချပေးခြင်း၊ ဆရာ၊ ဆရာမများ၊ ကျောင်းအုပ်ကြီးများနှင့် စစ်ဆေးရေးအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပံ့ပိုးပေးရမည့်လုပ်ငန်းများကို သုံးသပ်ဆောင်ရွက်ခြင်း၊ အခြေခံပညာကျောင်းများမှ ဒေသခံဆရာ၊ ဆရာမများ တိုးမြှင့်ခန့်ထားနိုင်ရေးနှင့် ခန့်ထားမည့် ဆရာ၊ ဆရာမများ၏ အရည်အသွေးမြင့်မားရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ လက်ရှိကာလတွင် လုံလောက်ခြင်း မရှိသေးသည့် အထက်တန်းပြB.Ed ဘွဲ့ရ ဆရာ၊ ဆရာမများ လုံလောက်သည်အထိ တိုးမြှင့်မွေးထုတ်ခန့်ထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နေပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

အစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနက လက်ရှိအသုံးပြုနေသည့် လမ်းမကြီးများဥပဒေကို ခေတ်နှင့်အညီ ပြင်ဆင်နိုင်ရန်အတွက် **"လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် နှစ်ပေါင်း ၃၀ နီးပါးကြာမြင့်ခဲ့ပြီဖြစ်၍ ယနေ့မျက်မှောက်ကာလအခြေအနေ အရပ်ရပ်နှင့်ဆီလျော်သည့် ဥပဒေတစ်ရပ်ဖြစ်စေရန် လိုအပ်သည့် အချက်များကို ပြင်ဆင်နိုင်ရန်အတွက် **"လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**တို့ကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီက ထောက်ခံဆွေးနွေးကြသည်။

ယင်းဥပဒေကြမ်းများအား လွှတ်တော်က လက်ခံဆွေးနွေးစဉ်းစားရန် လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုခဲ့သည်။

ဆက်လက်၍ **"လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး **"လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးစိုးမြင့်က ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းများအား ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစောမော်ထွန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **"ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်း"**ကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားပြီး ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **"ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်း"**ကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းများ



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာ မြင့်ကြည် မေးမြန်းစဉ်။ (သတင်းစဉ်)

နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်အစီအစဉ် ၁၈ ခု ဖြင့်ကျင်းပခဲ့ပြီး မေးခွန်းသုံးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခုတင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီးပေးပို့လာသော ဥပဒေကြမ်းနှစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း

◆ ရှေ့ဖုံးမှ

ရှေးဦးစွာ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှုမောင်က (၆၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ်အတွက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၏သဝဏ်လွှာကို ရှမ်းပြည်နယ် မိုင်းပျဉ်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်က ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက အမှာစကားပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းရိုးရာအစားအစာများ တည်ခင်းဧည့်ခံကျွေးမွေးပြီး ယဉ်ကျေးမှုအဖွဲ့များက ဧည့်ခံဖျော်ဖြေကြသည်။

ယင်းနောက် (၆၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်များကို ရှမ်းပြည်နယ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကတို့ထံ ပေးအပ်ကြသည်။

ယင်းနောက် အခမ်းအနားတွင် ဧည့်ခံဖျော်ဖြေကြသော ယဉ်ကျေးမှုအဖွဲ့များအား ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့က ဂုဏ်ပြုလက်ဆောင်ပန်းခြင်းများ ပေးအပ်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

(သတင်းစဉ်)



(၆၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဧည့်ခံပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့ တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)



## ပို့ဆောင်ရေးကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆပ်ကော်မတီ (Delivery Unit) နှင့် ပို့ဆောင်ရေးကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ အနေဖြင့် ဦးစားပေးလုပ်ငန်းနယ်ပယ် ၂၆ခု သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ် အောက်တိုဘာလမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခု၊ ခရိုင်ပေါင်း ၃၀၊ မြို့နယ်ပေါင်း ၁၆၈ မြို့နယ်မှ ပြည်သူ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံပြီး ပြည်သူများအသံနှင့် လိုလားချက်များ၊ မေးမြန်းချက်များအပေါ် ဖြေကြားဆွေးနွေး အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါကြောင်း၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် လုပ်ငန်းကဏ္ဍများအလိုက် ကျွမ်းကျင်ပညာရှင်များနှင့်ပါ တွေ့ဆုံ၍ အကြံပြုချက်များရယူနိုင်ရန် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုကြောင်း ရှင်းလင်းပြောကြားပြီး ပို့ဆောင်ရေးကဏ္ဍအလိုက် ကျွမ်းကျင်သူပညာရှင်များက ရေကြောင်းနှင့် လေကြောင်းပို့ဆောင်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ ကျင်းပနေခြင်းကို ယမန်နေ့က ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပါတီအဖွဲ့ဝင် ၂၅၄ ဦးနှင့်ပျော်ဘွယ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်များနှင့် အမေ့အိမ်ပညာဒါနကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၅၀ တို့သည် လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စောလူးမင်းကျောက်စာနှင့်ပတ်သက်၍ စိတ်ဝင်စားသူများ စာတမ်းဖတ်ခြင်း၊ ဆွေးနွေးခြင်းများပြုလုပ်ရန် ဖိတ်ခေါ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့ ပေတောပရဟိတ ဘုန်းတော်ကြီးကျောင်းတိုက်အတွင်းတွေ့ရှိရသော ကောဇာသက္ကရာဇ် ၄၄၁ ခုနှစ်၌ ဗဖြာနိဘရဏဒေဝသဘွဲ့ခံစောလူးမင်းရေးထိုးခဲ့သောကျောက်စာနှင့်ပတ်သက်၍ ပိုမိုပြည့်စုံခိုင်မာသော အချက်အလက်များရရှိနိုင်ရန်အတွက် **“စောလူးမင်းရေးထိုးခဲ့သော ကျောက်စာနှင့်ပတ်သက်၍ သမိုင်းနှင့်စာပေဆိုင်ရာဆွေးနွေးပွဲ”** တစ်ရပ်ကို မကြာမီကာလအတွင်း ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ စောလူးမင်းကျောက်စာနှင့်ပတ်သက်၍ စိတ်ဝင်စားသူများ၊ ဆွေးနွေးပွဲတွင် စာတမ်းဖတ်ကြားလိုသူများသည် စာတမ်းများကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသို့ ကြိုတင်ပေးပို့နိုင်ကြောင်း၊ စာတမ်းများကို ပညာရှင်အဖွဲ့ဖြင့် ကြိုတင်စစ်ဆေးမည်ဖြစ်ပြီး ခိုင်မာစွာရေးသားထားသည့် စာတမ်းရှင်များကို စာတမ်းဖတ်ကြားရန်အတွက် ဖိတ်ကြားကာ အစီအစဉ်ထည့်သွင်းရေးဆွဲသွားမည်ဖြစ်သည့်အပြင် အခြားစိတ်ဝင်စားသူများလည်း တက်ရောက်ဆွေးနွေးနိုင်ကြောင်းနှင့် အဆိုပါစာပေဆိုင်ရာဆွေးနွေးပွဲပြုလုပ်မည့် နေ့ရက်၊ အချိန်နှင့်နေရာတို့ကို ထပ်မံအသိပေးအကြောင်းကြားသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ အား ဂျပန်ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်သူ့လွှတ်တော်ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းနှင့်အဖွဲ့အား ဂျပန်နိုင်ငံ Sumitomo Mitsui Banking Cooperation (SMBC) ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ကော်မတီအဆောင် အမှတ်(၁)၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအား ချေးငွေပံ့ပိုးနိုင်ရန် Credit Guarantee Cooperation နှင့် Credit Guarantee Insurance ထူထောင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

▲ ရှေ့ဖုံးမှ

တိုက်ခန်းငှားခ၊ အိမ်ခန်းငှားခ ကြီးမြင့်မှုတွေ လျော့ကျသွားမယ်။ ဝန်ထမ်းတွေနဲ့ အခြေခံပြည်သူတွေလည်း အိုးပိုင်အိမ်ပိုင်တွေဖြစ်သွားမယ်။ ပြင်ပမှာ တိုက်ခန်းနဲ့အိမ်ဈေးနှုန်းတွေလည်း အထိုက်အလျောက်ကျဆင်းသွားနိုင်ပါတယ်” ဟု အတွင်းရေးမှူး ဒေါ်မို့မို့အောင်က ဆက်လက်ပြောသည်။

လောလောဆယ်တွင် အခွန် ၃၇ ရာခိုင်နှုန်းသတ်မှတ်ထားသဖြင့် အိမ်၊ ခြံ၊ မြေ ရင်းနှီးမြှုပ်နှံသူများက စောင့်ကြည့်လျက်အနေအထားရှိပြီး အိမ်၊ ခြံ၊ မြေများ အရောင်းအဝယ်အေးလျက်ရှိသည်။ သို့ရာတွင် အိမ်၊ ခြံ၊ မြေဈေးနှုန်းများက တန့်နေသော်လည်း ကြိုက်ရောင်း ကြိုက်ဝယ်အနေအထားရှိနေသည်။

မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်းမှ တာဝန်ရှိသူများ၏ သုံးသပ်ချက်အရ ၂၀၁၄ ခုနှစ်အတွင်း အိမ်၊ ခြံ၊ မြေ ဈေးနှုန်းများ ပုံမှန်အခြေအနေအတိုင်းရှိနိုင်သော်လည်း ၂၀၁၅ ခုနှစ်တွင် ဈေးနှုန်းစောင့်ကြည့်ရမည့်အနေအထားရှိနေကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ပြည်ထောင်စုနေ့အကြို မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၇**

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူမြို့(၁၈)ရပ်ကွက်ရှိ ဦးမြင့်ဦး (ချစ်မေတ္တာ)ကဦးစီး၍ ယင်းခြင်းဝိုင်းအသင်းနေရာတွင် ဖေဖော်ဝါရီ ၄ ရက် ညနေ ၆ နာရီက ခြင်းအလှခတ်ကစားကြသည်။ **(ယာပုံ)**

**အလှပြခတ်ကစား**

ခြင်းလုံးအစ သရေခေတ္တရာက ဆိုစကားအတိုင်း တောင်ငူမြို့ခံ ဝါသနာရှင် ခြင်းလုံးအသင်းနှင့် ရွှေသို့ နေမျိုးနွယ်(၂) ခြင်းဝိုင်းအသင်း၊ ကြာနီကန်လူငယ်ခြင်းဝိုင်းအသင်း၊ ကော်မတီခြင်းဝိုင်းအသင်း၊ မြန်မာ့အားမာန် ခြင်းဝိုင်းအသင်း၊ ဇေယျာလူငယ် ခြင်းဝိုင်းအသင်း၊ ချစ်မေတ္တာ ခြင်းဝိုင်းအသင်း၊ စိန်ခြင်းလုံးဟာသအသင်း၊ ကေတုမောင် ခြင်းဝိုင်းအသင်း၊ မျိုးမေတ္တာ ခြင်းဝိုင်းအသင်း၊ ရိုးရိုးလေး ခြင်းဝိုင်းအသင်း၊ ကေတုကလျာနွယ် (တပင်တိုင်)၊ မြန်မာပြည်သား ခြင်းဝိုင်းအသင်း၊ ဇေယံစိုး ခြင်းဝိုင်းအသင်း၊ ရွှေသို့ နေမျိုးနွယ်(၁) ခြင်းဝိုင်းအသင်း၊ ရွှေခြံညီနောင် ခြင်းဝိုင်းအသင်း၊ DISCO ချိန်ဆန်းစသည့် ခြင်းဝိုင်းအသင်းများက မြန်မာ့ရိုးရာ ဆိုင်းဝိုင်းကြီးဖြင့် အလှပြခတ်ကစားကြသည်။

**သူရ(တောင်ငူ)**



ပြည်တွင်းသတင်း

# စာကြည့်တိုက်ကို ထိထိရောက်ရောက်အသုံးချခြင်းဖြင့် မြို့နယ်နှင့်နိုင်ငံအကျိုးကို စွမ်းဆောင်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဇနီးတို့သည် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ရေစကြိုမြို့သို့ သွားရာလမ်းရှိ ကျောက်လှေခါး၊ သဲတော၊ ဆန်းသစ်၊ သာစည်ကျေးရွာများရှိ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဆေးဝါးများထောက်ပံ့ လှူဒါန်းပေးခဲ့ပြီး ရေစကြိုမြို့နယ် ဆင်ချောင်းစံပြကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်းခွဲအတွက် ဆောက်လုပ်လှူဒါန်းသော အလျား ၁၆၂ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၁၅ ပေရှိ တည်ဆောက်ပြီးစီးသည့် ဘိုးလူရှောင်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ရေစကြိုမြို့နယ် မဟာမမ္မကလျာဏီသာသနာ့ဗိမာန်တော်ကြီးတွင် အသုံးပြုရန် သံဃာအပါး ၂၀၀ စာအတွက် ပန်းကန်များအား ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သီရိပျံချီ သူရဦးမြင့်မောင်နှင့်ဇနီး ဒေါ်အေးအေးထွန်း မိသားစုတို့က လှူဒါန်းကြပြီး အောင်မြေသာယာဝန်မင်းကြီး ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလက အနုမောဒနာတရား ချီးမြှင့်၍ ရေစက်ချ အမျှပေးဝေကြသည်။ ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကာ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ဆေးဝါးပစ္စည်းများ လှူဒါန်းပြီး တိုးချဲ့လူနာ နှစ်ထပ်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေစကြိုမြို့နယ် မီးဘေး ကြိုတင်ကာကွယ်တားဆီးရေး ကော်မတီသို့ အလှူငွေပေးအပ်ပွဲအခမ်းအနားကို မီးသတ်တပ်ဖွဲ့ရုံးတွင် ကျင်းပရာ ရေစကြိုမြို့နယ် အသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးမြင့်ဆွေက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ပဏာမ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် လူထုဗဟိုပြုအုပ်ချုပ်မှုယန္တရားကို အကောင်အထည်ဖော်ဆောင်လျက်ရှိကြောင်း၊ ရပ်/ရွာလူထုအား မီးဘေးကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ အသိပညာပေးသည့်အပိုင်းကို သေသေချာချာ ဆောင်ရွက်ရမှာဖြစ်သလို တိတိကျကျစစ်ဆေးပြီး လိုက်နာဆောင်ရွက်မှု အားနည်းပျက်ကွက်သူများအားထိထိရောက်ရောက် အရေးယူရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ငွေကျပ် ၅၀၀၀၀၀ နှင့်အခြားအလှူရှင်များက ငွေကျပ် ၅၂၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ရေစကြိုမြို့နယ် ဒဿနလမင်း စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ရေစကြိုမြို့နယ်တစ်ခုလုံးတွင် ယခုလက်ရှိအတိုင်း အေးချမ်းတည်ငြိမ်စွာ နေထိုင်လုပ်ကိုင်နေရသည့်အတိုင်း ဆက်လက်တည်ရှိစေရေး ရပ်မိရပ်ဖများနှင့် ကော်မတီအသီးသီးမှ အုပ်ချုပ်ရေးပိုင်းမှတာဝန်ရှိသူများနှင့်ပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်ကြပ်မတ်သွားရန် လိုပါကြောင်းနှင့်စာကြည့်တိုက်ကို ထိထိရောက်ရောက် အသုံးချခြင်းဖြင့် မြို့နယ်နှင့်နိုင်ငံအကျိုးကို စွမ်းဆောင်နိုင်ကြောင်းတို့ကို အသေးစိတ်ဆွေးနွေးကာ စာအုပ်စာစောင်များပေးအပ်လှူဒါန်းသည်။ ယင်းနောက် ထင်းတန်းရပ် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)သို့ သွားရောက်ပြီး တည်ဆောက်လျက်ရှိသည့် ကျောင်းအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးကာ **(အောက်ပုံ)** လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ကြိုတင်ကာကွယ်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်အား UNFPA အဖွဲ့မှ Representative Ms.Janet E.Jackson နှင့်အဖွဲ့သည် ယမန်နေ့တွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (The National Strategic Plan for the Advancement of Women)၂၀၁၃-၂၀၂၂ အကောင်အထည်ဖော်ရေး ကိစ္စရပ်များ၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCEDAW) သို့ မြန်မာနိုင်ငံ၏ အစီရင်ခံစာတင်သွင်းရေးဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNFPA တို့ပူးတွဲဆောင်ရွက်နေသည့် အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှမှု အခြေအနေ လေ့လာဆန်းစစ်ချက် စစ်တမ်းကောက်ယူမှု အခြေအနေများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကြိုတင်ကာကွယ်ရေးနှင့် အမျိုးသမီး စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ရှေ့ဆက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းနယ်ပယ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတကာဈေးကွက်တွင် အရောင်းသွက်နေသည့် ပုလဲသွယ်စပ်မျိုးစပါး

ပြည်တွင်းစားနပ်ရိက္ခာဖူလုံပြီး ပြည်ပဈေးကွက်တင်ပို့နိုင်ရေး အတွက် တောင်သူများအကြား တွင်တွင်ကျယ်ကျယ် စိုက်ပျိုးထုတ်လုပ်လျက်ရှိသော ပုလဲသွယ် စပ်မျိုးစပါးသည် တစ်ဧကတင်း ၁၅၀အထက်ထွက်ရှိပြီး သက်တမ်းတို၊ ရာသီဥတုဒဏ်ခံနိုင်သည့်အပြင် စိုက်ပျိုးရန် လွယ်ကူသေချာသော သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးပါက အမှန်တကယ် လက်တွေ့အကျိုးစီးပွားတိုးတက်ရရှိစေမည် ဖြစ်သည်။

ကျွန်တော်သည် လယ်မြေဧက ၂၀၀ ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တွင် ကိုယ်တိုင်အားထုတ်ဆောင်ရွက်သူတစ်ဦး ဖြစ်သည်။



ပင်လယ်ကိုးသွယ်ကုမ္ပဏီ ဧက ၂၀၀ ပုလဲသွယ်စပါးစိုက်ကွင်း။

ပုလဲသွယ် စပ်မျိုးစပါး၏ ဈေးကွက်သည် ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် အလွန်အရေးပါသကဲ့သို့ အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဥရောပနိုင်ငံများမှလည်း ဈေးကွက်လိုအပ်ချက်အရ အလွန်အဝယ်လိုက်လျက်ရှိပြီး ဆန်တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၈၅-၄၉၀ ထိရောင်းချလျက် ရှိသည်။ ကျွန်တော်သည် ပုလဲသွယ် စပ်မျိုးစပါးဧက ၂၀၀ စိုက်ပျိုးရာ တစ်ဧကပျမ်းမျှ ၁၆၇ တင်း ထွက်ရှိခဲ့သည်။ ဈေးကွက်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဥရောပနိုင်ငံတို့အတွက် အလားအလာကောင်းနေသည်။

**သတင်းဆောင်းပါး**
**အောင်သန်းဦး**

ပုလဲသွယ်စပါးများကို ထိုသို့ စိုက်ပျိုးထုတ်လုပ်ခဲ့သလို ဖြူးမြို့နယ် မြတ်အိန္ဒြေကုမ္ပဏီမှ စပါးတင်း နှစ်သိန်းကိုလည်း ဝယ်ယူရရှိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုလဲသွယ်စပါး စိုက်ပျိုးသော တောင်သူများထံမှ စပါးတင်းလေးသိန်းကျော်ဝယ်ယူရရှိခဲ့သည်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများထံမှလည်း ဝယ်ယူရရှိသည်။ ရန်ကုန်တိုင်းဒေသကြီးမှ စက်မှုလယ်ယာစံပြအထူးဇုန်အတွင်း ကုမ္ပဏီများမှ ဝယ်ယူရရှိခဲ့သဖြင့် ယခုနှစ် မိုးစပါးတွင် စပါးတင်းပေါင်း ၁၀ သိန်းကျော်၊ တင်း ၁၀၀ လျှင်ငွေကျပ် လေးသိန်းမှ လေးသိန်းနှစ်သောင်းနှုန်းထိ ဝယ်ယူပြီး အမှတ်(၅၀၅) တန် ၁၀၀ ဆန်စက်၊ ကျောက်တံခါးမြို့နယ် အမှတ် (၂၄၂)တန် (၁၅၀)ဆန်စက် သန်လျင်မြို့နယ်တို့တွင်ကြိတ်ခွဲ၍ ပြည်တွင်းဈေးကွက်၊ တရုတ်နိုင်ငံနယ်စပ် ဈေးကွက်၊ ဥရောပဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိနေသည်။



ပင်လယ်ကိုးသွယ်ကုမ္ပဏီ၏ တစ်ရက်တန် ၅၀၀ ကျ ဆန်စက်။

၂၀၁၂-၂၀၁၃ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပုလဲသွယ်ဆန်တန်ချိန် ၁၀၀၀၀ တင်ပို့ရောင်းချခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၏ စားသုံးသူဈေးကွက်လိုအပ်ချက်အရ လိုအပ်နေသော ဆန်စပါးဖြည့်ဆည်းပေးရန် တစ်နှစ်လျှင် မြန်မာ့လယ်ယာထွက်ကုန်ပုလဲသွယ် ဆန်စပါး တန်ချိန်ငါးသိန်းတင်ပို့ရန် ဖိလစ်ပိုင်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဝန်ကြီးဌာနမှ အဆိုပြုလာသည့်အတွက် အရည်အသွေးကောင်း၊ ဈေးကွက်ဝယ်လိုအားရှိသည့် ပုလဲသွယ်ဆန်စပါးကို စိုက်ပျိုးနိုင်ရန် စီးပွားဖြစ် တစ်ကွင်းတစ်ဆက်တည်း စိုက်ကွင်းကြီးများကို ကုမ္ပဏီများ၊ တောင်သူ လယ်သမားများအတူတကွပူးပေါင်းပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ နည်းပညာပေး ကူညီမှုအပေါ် ပူးပေါင်းလက်တွဲ၍ Public Partnership Partnership (PPP) ဖြင့် ဆောင်ရွက်ပါက တောင်သူလယ်သမားများလည်း လက်တွေ့အထွက်နှုန်း နှစ်ဆမှသုံးဆ တိုးတက်ထွက်ရှိသဖြင့် ဝင်ငွေနှစ်ဆ၊ သုံးဆရရှိမည်မှာ ခိုင်မာသေချာနေပြီဖြစ်သည်။

တစ်ပိုင်တစ်နိုင်စိုက်ပျိုးသည့် တောင်သူလယ်သမားများ အပါအဝင် စီးပွားဖြစ်စိုက်ကွင်းကြီးများအတွက် ဈေးကွက်ဝင်တွက်ခြေကိုက်သော ပုလဲသွယ်စပ်မျိုးစပါးကို စိုက်ပျိုးခြင်းအားဖြင့် နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံရေးကိုသာမက နိုင်ငံခြားဝင်ငွေရရှိမှုကိုပါ ကြီးမားစွာ အထောက်အကူပြုနိုင်သည်။

ပုလဲသွယ်စပါး၏ ဈေးကွက်အလားအလာကို တစ်နိုင်ငံလုံးရှိ တောင်သူလယ်သမားများ သိရှိနိုင်ရန် နိုင်ငံတကာဈေးကွက် အလားအလာကို ဤဆောင်းပါးဖြင့် ရေးသားတင်ပြလိုက်ရပါသည်။



ပုလဲသွယ်စပါးများ ကြိတ်ခွဲထားသည့် ဆန်အိတ်များ ပြည်ပပို့ရန် ပြင်ဆင်ထားရှိသည်ကို ဤသို့တွေ့ရသည်။

**တစ်ပိုင်တစ်နိုင်စိုက်ပျိုးသည့် တောင်သူလယ်သမားများ အပါအဝင် စီးပွားဖြစ်စိုက်ကွင်းကြီးများအတွက် ဈေးကွက်ဝင်တွက်ခြေကိုက်သော ပုလဲသွယ်စပ်မျိုးစပါးကိုစိုက်ပျိုးခြင်းအားဖြင့် နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံရေးကိုသာမက နိုင်ငံခြားဝင်ငွေရရှိမှုကိုပါ ကြီးမားစွာအထောက်အကူပြုနိုင်**

# ကျောင်းနေအရွယ် ကျောင်းမနေနိုင်သော ကလေးများအတွက် ကျောင်းပြင်ပမူလတန်းပညာရေးနည်းလမ်းဖြင့် သင်ကြားနိုင်ရေး ဆက်သွယ်ဆောင်ရွက်ကြရန် နှိုးဆော်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မြန်မာနိုင်ငံအရပ်ရပ်ရှိ အခြေခံပညာကျောင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပညာမသင်ကြားနိုင်သည့် ကျောင်းနေအရွယ်ကလေးများအတွက် ကျောင်းပြင်ပပညာရေး (Non-Formal Education) နည်းလမ်းဖြင့် (ဒုတိယအကြိမ်) အခြေခံပညာသင်ယူခွင့်ရအောင် မိမိတို့မြို့နယ်အတွင်း အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း မူလတန်းပညာသင်ယူမှု မပြီးဆုံးသူများ၊ ကျောင်းလုံးဝမနေဖူးသူကလေးများအား နှစ်နှစ်အတွင်း မူလတန်းအဆင့်ပြီးဆုံးအောင် ဆောင်ရွက်ပေးမည့်အစီအစဉ်အရ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းပြင်ပမူလတန်းပညာရေး (Non-Formal Primary Education) ထပ်မံတိုးချဲ့ဆောင်ရွက်ရန် စီစဉ်ထားပါ၍ မြို့နယ်အသီးသီးရှိ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်း၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဖော်ဆောင်ရေးကော်မတီ (CRC) နှင့် မြို့မိမြို့ဖများက ကျောင်းမနေနိုင်သောကလေးများအပေါ် စေတနာမေတ္တာထား၍ စောင့်ရှောက်သည့်အနေဖြင့် ကျောင်းပြင်ပမူလတန်းပညာသင်ကြားရေးဆောင်ရွက်ပေးလိုပါက သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများက တာဝန်ယူစည်းရုံးစုစည်းကာ အမှတ်(၄၂၆) ပြည်လမ်း ကမာရွတ်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာန Myanmar Literacy Resource Centre (MLRC) ဖုန်း ၀၁-၂၃၀၄၁၀၇၊ ၂၃၀၄၁၀၉၊ ၀၉-၄၂၀၈၇၄၂၁ ထံ ဆက်သွယ်ပါရန် နှိုးဆော်ထားသည်။ ထိုသို့ဆက်သွယ်လာပါက မြို့နယ်တစ်ခုလျှင် သင်ကြားပေးရန် အများဆုံးစခန်းနေရာ ခုနစ်ခုဖွင့်လှစ်ပြီး သင်ကြားမည့်ကလေးဦးရေ ၂၀၀ ထိ သင်ကြားပေးမည်ဖြစ်ပါ၍ သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးများက မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများနှင့်ပူးပေါင်းပြီး ၂၀၁၄ ခုနှစ် မတ် ၆ ရက် နောက်ဆုံးထားကာ ဆက်သွယ်ကြရန်ဖြစ်ကြောင်း မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာန Myanmar Literacy Resource Centre (MLRC) မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အခြေခံရမည့်အချက်များ ရှင်းလင်းဆွေးနွေး





**နေပြည်တော် ဖေဖော်ဝါရီ ၇**

အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာတွင် ကျင့်သုံးနေသော အနည်းဆုံးအခကြေးငွေ သတ်မှတ်သည့်ပုံစံများနှင့် အတွေ့အကြုံများကို ILO အဖွဲ့ရုံးမှ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကျွမ်းကျင်သူက လာရောက်ရှင်းလင်းသည့် ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန နေပြည်တော်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ဆွေးနွေးပွဲတွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင် ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလုပ်သမားနှင့် အလုပ်ရှင်ကိုယ်စားလှယ်များ၊ ILO, MDRI နှင့် MMRD တို့မှ ကိုယ်စားလှယ်များ၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ILO ကိုယ်စားလှယ် Mr.Steve Marshall နှင့် အခကြေးငွေဆိုင်ရာ ကျွမ်းကျင်သူ Mr.Multe Luebker က အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အခြေခံသဘောတရား၊ အကျိုးဝင်သက်ရောက်မှုအခန်းကဏ္ဍနှင့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ၏သတ်မှတ်ချက်နှင့် အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး Myanmar Development Resource Institute (MDRI) မှ Research Coordinator, Mr. Paul Minoletti က MDRI မှ ကောက်ယူခဲ့သော နေထိုင်မှုစရိတ်ဆိုင်ရာ သုတေသနစစ်တမ်း၏ရလဒ်များနှင့် စပ်လျဉ်း၍တင်ပြခဲ့ပြီး MDRI မှ ဒေါက်တာဇော်ဦးနှင့် Myanmar Market Research and Development (MMRD)မှ ပညာရှင် ဦးအောင်မင်းတို့က အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အခြေခံရမည့်အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မန္တလေးမြို့၌ ခင်းကျင်း ပြသသော တမာရန့် ပန်းချီ ပြပွဲ၌ ပြသထားသည့် ပန်းချီကား တစ်ချပ်။

# တမာရန့်အမှတ်တရစုပေါင်းပန်းချီပြပွဲ မန္တလေး၌ပြသ

**မန္တလေး ဖေဖော်ဝါရီ ၇**

မြင်းခြံပန်းချီဆရာသုံးဦး အမှတ်တရစုစည်းပြသမည့် တမာရန့်အမှတ်တရစုပေါင်းပန်းချီပြပွဲကို မန္တလေး ချမ်းအေးသာစံမြို့နယ် ၃၄ လမ်း၊ လမ်း ၈၀ နှင့် ၈၁ လမ်းကြားရှိ ရာပြည့်မန္တလေးစာအုပ်ဆိုင်အမှတ်(၂) သီရိပန်းချီအနုပညာပြခန်းကို ဖေဖော်ဝါရီ ၉ ရက်အထိသုံးရက်တိုင်တိုင် ပြပွဲကျင်းပသည်။ ပြပွဲတွင် ရေဆေး၊ ဆီဆေးပန်းချီကား ၅၀ ကျော် ပြသထားသည်။ တမာရန့်အမှတ်တရစုပေါင်းပန်းချီပြပွဲတွင် ပါဝင်ပြသသည့်သူများမှာ မြင်းခြံမြို့မှလာရောက်ပြသသူ ပန်းချီဆရာ ကျော်သန်း၊ ပန်းချီဆရာ မြင့်ဝင်း၊ လှဌေး(နေဝန်းနီ)တို့ ဖြစ်သည်။

ပန်းချီကျော်သန်း၏ဆရာများမှာ ဦးဝင်းဖေ(မြင်းခြံ)၊ ဦးလူတင် (မုံရွာ)၊ ဦးကိုကိုကြီး (M.T.T.C) ဖြစ်ပြီး ပန်းချီဆရာမြင့်ဝင်း၏ဆရာများမှာ ဦးသန်းအောင်ငွေ(မြင်းခြံ)၊ ဦးဝင်းဖေ(မြင်းခြံ)တို့ဖြစ်သည်။ ပန်းချီဆရာလှဌေး(နေဝန်းနီ)မှာ မန္တလေးပန်းချီပန်းပုကျောင်းမှ ပန်းချီသင်တန်းဆင်းတစ်ဦးဖြစ်ပြီး သူ၏ဆရာများမှာ ဦးတင်အေး(မန္တလေး)၊ ဦးဇော်ဝင်း(သစ်ထွင်း)၊ ဦးမာလာ၊ ဦးခင်မောင်စန်း၊ ဦးဝင်းဖေ(မြင်းခြံ)တို့ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့သည် ပန်းချီပြပွဲများ ခပ်စိပ်စိပ်ကျင်းပနေပြီး ယဉ်ကျေးမှု၊ အနုပညာမြို့တော်လည်းဖြစ်ပေသည်။ ယခုလည်း မြင်းခြံသားပန်းချီဆရာသုံးဦးက ယုံကြည်မှုအပြည့်ဖြင့် မန္တလေးသို့လာရောက်၍ တမာရန့်အမှတ်တရစုပေါင်းပန်းချီပြပွဲ လာရောက်ပြသခြင်းဖြစ်သည်။ ပြပွဲကို နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရာပြည့်မန္တလေးစာအုပ်ဆိုင်(၂) သီရိပန်းချီအနုပညာပြခန်း၌ ပြသထားကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**




## ရန်ကုန်တက္ကသိုလ်(ပင်မ)ရွှေဘိုဆောင်/ဒဂုံဆောင် ကျောင်းသားဟောင်းများမိတ်ဆုံစားပွဲ

ရန်ကုန်တက္ကသိုလ် ရွှေဘိုဆောင်/ဒဂုံဆောင် ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ သူငယ်ချင်းများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

**နေ့ရက်** - ၂၂-၂-၂၀၁၄ရက်(စနေနေ့)
**အချိန်** - ညနေ (၀၆း၀၀) နာရီ
**နေရာ** - ရွှေရှမ်းကန်စားသောက်ဆိုင်
အမှတ်(၁၃၂/ခ)၊ အင်းလျားလမ်း၊ (University Boat Club)
ကမာရွတ်မြို့နယ်

**ဆက်သွယ်ရန်-**
**ဆရာဦးဆောင် ဖုန်း-၀၁-၅၀၂၉၅၈**
**ဆရာဦးဝင်းဆွေ ဖုန်း-၀၉-၅၀၀၃၄၂၅**
**ကျော်လင်းဦး(Geol:) ဖုန်း-၀၉-၄၅၀၀၅၂၅၆၇**
**ဝင်းမြင့်(Geol:) ဖုန်း-၀၉-၈၅၇၅၃၅၂**
**မြတ်သစ်(OS) ဖုန်း-၀၉-၅၀၄၆၈၅၅**
**ဇော်မင်းယု(Psy;) ဖုန်း-၀၉-၅၄၁၄၄၂၈**
**ကျော်ထွေးအောင်(Law)**
**ဖုန်း-၀၉-၄၃၁၄၈၀၉၇**
**ကျော်စိန်လွင် (Law) ဖုန်း-၀၉-၅၄၁၆၁၂၂**
**ဇော်မင်းအောင်(Law) ဖုန်း-၀၉-၅၅၃၅၉၉၉**
**မျိုးသန့်(IR)ဖုန်း-၀၉-၅၁၁၈၁၇၂**
**စံထွန်း(Philo:)ဖုန်း-၀၉-၅၁၃၆၃၂၇**
**အောင်ဇော်မိုး(Anthro:)**
**ဖုန်း-၀၉-၈၃၅၁၁၃၃**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၃၃၈၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## အမြန်ပြန်လာပါ

အဖေ ဦးကျော်ဝင်းဖေ ၁၂/ဗဟန(နိုင်)၀၄၀၉၈၆ ခင်ဗျာ၊ အမေ ဒေါ်တင်တင်အေး ၁၂/ဗဟန(နိုင်)၀၄၂၉၁၆ သည် ၄-၂-၂၀၁၄ ရက် ည ၈း၅၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် အမြန်ပြန်လာပါ။ **သား-ကျော်ဝင်းထွဋ် ၁၂/ဗဟန(နိုင်)၀၉၄၅၆၈**

# လုပ်ကိုင်ခွင့်ယာယီလိုင်စင်တစ်နှစ်ထုတ်ပေးပြီး လုပ်ကိုင်နိုင်သူများ လိုင်စင်ချထားပေးမည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီမှ အသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်မည့်အဖွဲ့အစည်းများမှ လုပ်ငန်းတာဝန်ခံအကြီးအကဲများနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ပကုမ္ပဏီလေးဖွဲ့၊ ပြည်တွင်းကုမ္ပဏီခြောက်ဖွဲ့စုစုပေါင်း အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း ၁၀ ဖွဲ့တို့မှ လုပ်ငန်းတာဝန်ခံအကြီးအကဲများက အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း ဖြစ်ပေါ်လာရသည့် အကြောင်းအရင်း၊ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း၏ မတည်ရင်းနှီးငွေရရှိမှုနှင့် ရင်းနှီးရန် အစီအစဉ်များ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအား ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများကို ၂၀၁၁ ခုနှစ်မှစ၍ ယခုအချိန်အထိ နှစ်နှစ်အတွင်း လိုင်စင်ထုတ်ပေးသည့် အဖွဲ့အစည်း ၁၈၉ ဖွဲ့ ရှိကြောင်း၊ မြန်မာ့အသေးစားငွေရေးကြေးရေးလုပ်ငန်းကိုအကြောင်းပြုပြီး ငွေတိုးချေးစားသူများ ရှိသည့်အတွက် ယခုလို လိုင်စင်လျှောက်ထားသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများမှ အကြီးအကဲများကို ခေါ်ယူ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ လိုင်စင်များကို ထုတ်ပေးရာတွင် အသေးစား ပုဂ္ဂလိကငွေစုငွေချေး လုပ်ငန်းများဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် လိုင်စင်လျှောက်ထားသည့် အဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ခွင့် ယာယီလိုင်စင်တစ်နှစ်ထုတ်ပေးပြီး လုပ်ငန်း အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်မှသာ လိုင်စင်ကြီးချထားပေးမည်ဖြစ်ကြောင်း၊ လိုင်စင်လျှောက်ထားသည့် ပြည်တွင်းပြည်ပမှ ကုမ္ပဏီအဖွဲ့အစည်းများ၏ လုပ်ငန်းလုပ်ကိုင်မည့် နေရာဒေသများအား နယ်မြေမထပ်ရအောင် မိမိတို့ကော်မတီမှ စိစစ်သတ်မှတ်ပေးမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင်များနှင့် မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းမှ တာဝန်ခံအရာရှိများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ၂၀၁၄ ခုနှစ်၊ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။
- ☆ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။



## သီပေါမြို့၌ ခေတ်မီညှိရိပ်သာများနှင့် ချမ်းသာဥယျာဉ်ဖွင့်လှစ်

**သီပေါ ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်သည် သာယာလှပသော တောင်ပေါ်ဒေသ မြို့တစ်မြို့ဖြစ်သည်နှင့်အညီ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အဝင်အထွက်များရာ ဒေသတစ်ခုဖြစ်သည်။

သီပေါမြို့တွင် သမိုင်းဝင် ရှေးဟောင်း ဘော်ကြိုမြတ်ဘုရားကြီးနှင့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာ စေတီပုထိုးများ၊ အဆောက်အအုံများ တည်ရှိသဖြင့် မြန်မာနှင့် ကမ္ဘာကပါ လူသိများခဲ့သည်။ တောင်များဝန်းရံလျက်ရှိသော သီပေါမြို့ကို တင့်တယ်အလှပန်းချီခြယ်သမှုမှာ မြို့၏ မြောက်ဘက်မှ တောင်ဘက်သို့ ဒုဌဝတီမြစ်နဒီက မြွေကြီးတစ်ကောင်အလား ကွေ့ကာဝိုက်ကာဖြင့် လှပစွာ ဖြတ်သန်းစီးဆင်းနေပြီး နေထွက်နေဝင်ရာ အချိန်တို့ကို ကြည့်ရှုမှတ်တမ်းတင်ရန် နေရာများရှိခြင်းတို့ကြောင့် နိုင်ငံခြားခရီးသွားများလာရောက်မှု အထူးများပြားလျက် ၎င်းတို့နှစ်ခြိုက်ပျော်မွေ့ရာ မြို့တစ်မြို့ဖြစ်သည်။ ယခုအခါ သီပေါမြို့တွင် ပြည်တွင်းပြည်ပမှ ခရီးသည်များ တည်းခိုနိုင်ရန် ခေတ်မီညှိရိပ်သာများ၊ အပြိုင်အဆိုင် ပေးဆောက်လျက်ရှိပြီး လိုအပ်သော နေရာကွက်လပ်တစ်ခုကို ချမ်းသာဥယျာဉ်က ဖြည့်ဆည်းပေးခဲ့သည်။ အဆိုပါချမ်းသာဥယျာဉ်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် တေးသံရှင် တက္ကသိုလ်ရဲအောင် (ရှမ်းရိုးမ)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(ဝဲပုံ)** **စိုင်း(သီပေါ)**

# TENDER INVITATION

Bid Invitation No :Construction for MFF Football Academy/GP5/2014

Date :7th February 2014

1. **Tendering**

Myanmar Football Federation (hereinafter referred to as "Employer") which is responsible for the construction of MFF Football Academy (Goal Project V) in Thuwunna, Yangon, hereby invites tenders for the supplying of material, fabrication, construction and painting.

2. **Project Overview**

Myanmar Football Federation is endeavoring to improve the skills and technology in the implementing this MFF Football Academy (Goal Project V) in Thuwunna, Yangon.

3. **Project Scope of Work**

Supply of materials and construction of 2-storeyed R.C.C Building (221'x49')

| Sr. No. | Description | | Qty | Remark |
|---|---|---|---|---|
| 1. | R.C.C Foundation & Structure | | 1 | Kyats |
| 2. | Ground Floor | -Tile & Laminate Flooring | 1 | Kyats |
| 3. | Upper Floor | -Tile & Laminate Flooring | 1 | Kyats |
| 4. | Wall | -Brick | 1 | Kyats |
| 5. | Roofing | -Amcan | 1 | Kyats |

Tender documents may Be obtained at MFF office, Thuwunna during office hour from (07.02.2014) to (21.02.2014)

Tender inquiry :Tin Aung, General Secretary,
Myanmar Football Federation
Phone No. 569960

Tender closing date and time :(22.02.2014), 16:30 hr

Contact Address :Myanmar Football Federation
Phone No. 569961,569962,569964
National Football Training Centre,
Waizayanta Road, Thuwunna,
Thingankyun Township, Yangon

**Myanmar Football Federation**



ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ရန်ကုန်-မန္တလေးအမြန်လမ်း ၁၁၁ မိုင်အနီး မြတ်ဓမ္မကုန်းတော် ဗုဒ္ဓပူဇနိယပွဲတော်အတွင်း ထမန်ကုသိုလ်ပါဝင်နိုင်



**နေပြည်တော် ဖေဖော်ဝါရီ ၇**

မြန်မာ့ရိုးရာ တစ်ဆယ့်နှစ်လ ရာသီပွဲများအနက် ယခုလသည် တပို့တွဲလဖြစ်၍ အချမ်းလည်းပြေ ကုသိုလ်လည်းရ ရာသီစာလည်းဖြစ်သည့် မြန်မာ့ရိုးရာထမနဲထိုးပွဲများကို မြို့ရွာအရပ်ရပ်၌ ကျင်းပလျက်ရှိသည်။

ထိုသို့ကျင်းပကြသည့် ရိုးရာထမနဲများအနက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၁၁ မိုင် ၄ ဖာလုံ ပဲခူးရိုးမတောင်ခြေ မြတ်ဓမ္မကုန်းတော်ရှိ ဘုန်းတော်ပွင့်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် ထည့်သွင်းကျင်းပသော ရိုးရာထမနဲပွဲသည် ခရီးသွားရင်း ဝင်ရောက်ကုသိုလ်ယူဆင်နွှဲနိုင်သော ပွဲတစ်ပွဲဖြစ်သည်။

ဖြူးမြို့နယ် ခင်တန်းကြီးကျေးရွာအုပ်စုအပိုင်း ပဲခူးရိုးမတောင်ခြေတွင် တည်ရှိပြီး ချမ်းအေးဆိတ်ငြိမ်သော ရာသီဥတုကိုရရှိသည့် အဆိုပါ မြတ်ဓမ္မကုန်းတော် ဘုန်းတော်ပွင့်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကာလကို တပို့တွဲလပြည့်ကျော် ၅ ရက်မှစတင်ကာ တပို့တွဲလပြည့်ကျော် ၁၁ ရက်အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပပူဇော်မည်ဖြစ်သည်။

ဘုရားပွဲတော် ကာလသည် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ ညစဉ်အထူးတရားပွဲများနှင့် ထမနဲထိုးပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖြူးမြို့ နဝင်းရွှေမင်္ဂလာရွှေဆိုင်းဖြင့် ဧည့်ခံဖျော်ဖြေ မည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၆ နာရီခွဲတွင် တရားအားထုတ်ရန် ရည်ရွယ်တည်ဆောက်ထားသည့် ကမ္မဋ္ဌာန်းလိုဏ်ဂူ ၁၁ ခန်းပေါ်တွင် တည်ထားမည်ဖြစ်သော ဉာဏ်တော် ၂၄ ပေရှိ ဘုန်းတော်ပွင့် ရွှေသာလျောင်း ရုပ်ပွားတော်မြတ် အုတ်မြစ်တော်စီပွဲကို ကျင်းပမည်ဖြစ်ကာ ယင်းနေ့ နံနက် ၈ နာရီတွင် ဗုဒ္ဓသရီယဓာတ်တော်များ၊ ရဟန္တာဓာတ်တော်များ ကိန်းဝပ်ရာ ဓာတ်ပေါင်းစု ဂန္ဓကုဋိစေတီတော်အား ထီးတော် ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ စေတနာရှင် ဒါယကာများနှင့် ခရီးသွားပြည်သူများက ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်ရှိ မိုင်တိုင် ၁၁၁ မိုင် ၄ ဖာလုံ ရိုးမတောင်ခြေ ဘုန်းတော်ပွင့်စေတီတော် ကုသိုလ်ပြုပွဲကြီးနှင့် ထမနဲထိုးပွဲများတွင် ဝင်ရောက်ကုသိုလ်ယူရင်း ပါဝင်ဆင်နွှဲရန်ဖိတ်ခေါ်ကြောင်း ဆရာတော် ဦးတေဇနိယက မိန့်ကြားခဲ့ရာ ခရီးသွားများ ဝင်ရောက်အပန်းဖြေ ကုသိုလ်ယူနိုင်ကြကြောင်း သိရသည်။

**ကိုကိုနေ(ပျဉ်းမနား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၂-၂၀၁၄

**ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

| | |
|---|---|
| ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား | ၆၆၃၀၀၀ |
| ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား | ၆၂၄၀၀၀ |

**(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)**

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (သိမ်ဖြူငွေလဲကောင်တာ)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၈၅-၉၉၇ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၃၃၅-၁၃၄၂ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၆၉-၇၇၅ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၂-၃၂.၂ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၆-၁၆ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၈-၁၆၀ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅-၃၁၈ | ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၄၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၂၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၁၀၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၆၀ ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၅၀၀-၄၂၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၂၄၅၀-၃၁၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၄၀၀၀-၅၈၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၄၀၀၀-၆၃၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၈၅၀၀-၁၇၀၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၅၃၀၀-၁၂၀၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၀၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ | ကျပ် |
| ၁၀။ အမဲ | တစ်ပိဿာ | ၄၅၀၀-၈၀၀၀ | ကျပ် |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ | ကျပ် |

ခင်ရတနာ-စုစည်းသည်။

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| ၁။ မိုးဆန်(ဧည့်မထ္ထအသစ်) | တစ်အိတ် | ၁၆၈၀၀ |
| ၂။ ပေါ်ကျွဲ(အသစ်) | တစ်အိတ် | ၁၇၀၀၀ |
| ၃။ ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၂၀၀၀-၂၅၅၀၀ |
| ၄။ မြေပဲဆီ | တစ်ပိဿာ | ၃၁၀၀ |
| ၅။ စားအုန်းဆီ | တစ်ပိဿာ | ၁၅၃၅ |
| ၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၅၀-၆၀၀ |
| ၇။ ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၅၀၀-၂၅၀၀ |
| ၈။ ကြက်သွန်ဖြူ (ကြူကုတ်) | တစ်ပိဿာ | ၁၁၀၀-၁၁၅၀ |
| ၉။ အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၅၀-၇၃၀ |
| ၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး) | တစ်ပိဿာ | ၂၇၀၀ |
| ၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၃၀၀-၄၆၀၀ |
| ၁၂။ သကြား | တစ်ပိဿာ | ၈၇၀-၉၀၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

ခင်ဆိုင်-စေ့ငုတင်ပြသည်။



# မော်လမြိုင်-ရေး-ထားဝယ် အာဆီယံလမ်းမ လမ်းချဲ့ခြင်းဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မွန်ပြည်နယ် အင်ဂျင်နီယာမှူးကြီး၏ ညွှန်ကြားမှုကိုခံယူ၍ မော်လမြိုင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် အာဆီယံလမ်းမကြီး AH.112 စာရင်းတွင်ပါဝင်သော မော်လမြိုင်-ရေး-ထားဝယ်လမ်းပိုင်း မော်လမြိုင်မှ မလွဲတောင်အထိ ၁၁၅ မိုင် လေးဖာလုံကို ပြည်ထောင်စုနှင့် မွန်ပြည်နယ် အစိုးရအဖွဲ့တို့၏ ခွင့်ပြုရန်ပုံငွေများဖြင့် လမ်းချဲ့ခြင်း၊ လမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းရေပြွန်တံတားများ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို သက်ဆိုင်ရာမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့၏ ပါဝင် အကောင်အထည်ဖော်မှုဖြင့် ဆောင် ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် လမ်းချဲ့ခြင်းလုပ်ငန်းတွင် သံဖြူဇရပ်မှ မလွဲတောင်အတွင်း ဆောင်ရွက်ရမည့် ၁၀ မိုင်ရှိသည့်အနက် ခုနစ်မိုင် ငါးဖာလုံချဲ့ပြီးဖြစ်သလို ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းမှာလည်း ယခုနှစ်၌ သုံးမိုင် လေးဖာလုံခင်းရန် ရှိသည့်အနက် ယခုအခါ ခြောက်မိုင် နှစ်ဖာလုံခင်းပြီး ဖြစ်သည်ဟုသိရသည်။

ထို့အပြင် မော်လမြိုင်ခရိုင် မော်လမြိုင် မလွဲတောင် ၁၁၅ မိုင် ၄ ဖာလုံအတွင်းရှိ ကားလမ်းရေပြွန် ၂၁ ခု တည်ဆောက်ရန်ရှိသည့်အနက် ရေပြွန် ၁၇ ခုမှာ တည်ဆောက်ပြီးသွားပြီး တည်ဆောက်ရန်ကျန်ရှိသည့် ရေပြွန်လေးခုနှင့် ကွန်ကရစ်တံတားတစ်စင်းတို့ကို ယခုဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



မော်လမြိုင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မော်လမြိုင်-ရေး-ထားဝယ် ကားလမ်းတွင် လမ်းချဲ့၍ ကတ္တရာထပ်ပိုးလွှာများ ခင်းနေစဉ်။



**ဖေဖော်ဝါရီ ၃ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အထောက်အကူပြုသည့် ယင်လုံအိမ်သာခွက်များကို ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးက အမှတ်(၁၂)ရပ်ကွက်ရှိ အိမ်များသို့လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးအုန်းမြင့်က လက်ခံယူစဉ်။**

မီးမီး(လှိုင်)



# ယာဉ်စီးရေများပြားလာသော်လည်း မတော်တဆဖြစ်ပွားမှုနည်းပါးလာ

မန္တလေးမြို့တွင် ယာဉ်စီးရေများပြားလာသော်လည်း ယာဉ်မတော်တဆဖြစ်မှုမှာ တစ်နှစ်ထက်တစ်နှစ် နည်းပါးလာကြောင်း မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(မန္တလေး)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မန္တလေးမြို့ပေါ်ရှိ အဓိကလမ်းဆုံ ၁၂ နေရာတွင်အသံချဲ့စက်များ တပ်ဆင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သည့် စည်းမျဉ်း၊ စည်းကမ်းများကို အသိပေးနှိုးဆော်သည့်လုပ်ငန်းစဉ်များနှင့် ပညာပေးဟောပြောမှုများ ပြုလုပ်ခြင်းတို့ကြောင့် ယခုကဲ့သို့ ယာဉ်မတော်တဆမှု နည်းပါးသွားခဲ့ရခြင်းဖြစ်ကြောင်း အမှတ် (၁၁)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှ ဒုရဲမှူးသန်းထွန်းအောင်က ပြောသည်။

"လူတွေရည်ရွယ်ချက်အမျိုးမျိုးနဲ့ သွားလာနေကြတယ်။ အန္တရာယ်ကို သတိမမူမိကြဘူး။ စပီကာတပ်ပြီး နှိုးဆော်ပေးနေသံကို ကြားတဲ့အခါမှာ သတိထားမိသွားတယ်။ ဒါကြောင့် အထိရောက်ဆုံး လုပ်ငန်းဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

၂၀၁၂ ခုနှစ် မန္တလေးမြို့တွင်း သွားလာသည့် ကား၊ ဆိုင်ကယ်အစရှိသည့် ယာဉ်အမျိုးအစားများ ပိုမိုများပြားလာခဲ့ပြီး ယာဉ်မတော်တဆဖြစ်သည့် အမှုပေါင်း ၅၅၆ မှုရှိခဲ့သည်။ ၂၀၁၃ ခုနှစ်တွင်မူ ယာဉ်အရေအတွက် ယခင်နှစ်ကထက် ပိုမိုများပြားလာခဲ့ကာ ယာဉ်မတော်တဆမှုပေါင်း ၄၀၁ မှု၊ သေဆုံးသူ ၁၈၆ ဦးနှင့် ဒဏ်ရာရသူ ၄၉၁ ဦးဖြစ်ကြောင်း ၎င်းကပြောသည်။

"၂၀၁၃ ခုနှစ်မှာ ကား၊ ဆိုင်ကယ်မတော်တဆမှုတွေ တော်တော်လေး လျော့နည်းလာတာ တွေ့ရတယ်။ ကားကြောင့် မတော်တဆဖြစ်တဲ့ အမှုပေါင်းက ၁၁၂ မှုရှိခဲ့ပြီးတော့ သေဆုံးသူ ၄၇ ဦးရှိခဲ့တယ်။ ဆိုင်ကယ်ကြောင့်ဖြစ်တဲ့ မတော်တဆမှုကတော့ အမှုပေါင်း ၂၈၉ မှုရှိပြီး သေဆုံးသူ ၁၃၉ ဦးနှင့် ဒဏ်ရာရသူ ၃၀၆ ဦးရှိတယ်"ဟု ၎င်းကပြောသည်။

**ဆောင်ရွက်**

ထို့ကြောင့် ၂၀၁၄ ခုနှစ်တွင် ယာဉ်မတော်တဆဖြစ်မှုများ ပိုမိုလျော့နည်းစေရန်အတွက် ပညာပေးဟောပြောပွဲများကို ရက်သတ္တပတ်ချင်းအလိုက် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**အောင်ရဲသွင်**



ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

# ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

ယမန်နေ့မှအဆက်

**၁၃။ ယာဉ်လိုင်းအတော်များများတွင် ခရီးသည်တင်ယာဉ်များသည် သတ်မှတ်ထားသည့် မှတ်တိုင်များ၌မရပ်ဘဲ လူစုနေသည့် မီးပွိုင့်အနီး၌လည်းကောင်း၊ ကွေ့အနီး၌လည်းကောင်း ရပ်တန့်လျက် လူအတင်အချပြုလုပ်နေသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ အမြဲကြုံတွေ့နေရပါကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍** မထသခရီးသည်တင် မော်တော်ယာဉ်များအား သတ်မှတ် မှတ်တိုင်နေရာများတွင်သာ ခရီးသည်အတင်အချပြုလုပ်ရန် လိုက်နာမှုရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ လိုက်နာမှုမရှိသော မော်တော်ယာဉ်များနှင့် ပတ်သက်၍ မော်တော်ယာဉ်လိုင်းကော်မတီများမှ စစ်ဆေးရေးအဖွဲ့များ၊ မထသ (ဗဟို)နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်းဖွဲ့စည်းထားသော အထူးစစ်ဆေးရေးအဖွဲ့ ၁၆ ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ စစ်ဆေးရေးအဖွဲ့စသော အဖွဲ့တို့မှ စစ်ဆေးအရေးယူလျက်ရှိပါသည်။ ၂၀၁၃ ခုနှစ်အတွင်း မထသ(ဗဟို)အထူးစစ်ဆေးရေးအဖွဲ့ ၁၆ ဖွဲ့မှ မှတ်တိုင်မရောက်ဘဲရပ်ခြင်း ပြစ်မှုကျူးလွန်သည့် ယာဉ် ၁၃၂၉ စီး၊ မှတ်တိုင်မဟုတ်ဘဲ ခရီးသည်အတင်အချပြုလုပ်သော မော်တော်ယာဉ် ၃၃၄ စီး၊ မီးပွိုင့်တွင် ခရီးသည်အတင်အချပြုလုပ်သော မော်တော်ယာဉ် ၁၇ စီးတို့အား စစ်ဆေးအရေးယူခဲ့ပါသည်။ ဆက်လက်၍လည်း စစ်ဆေးအရေးယူခြင်းဖြင့် ကြပ်မတ်လျက်ရှိပါသည်။ ထို့အပြင် ၄-၁၁-၂၀၁၃ ရက်မှစ၍ ယာဉ်မှတ်တိုင်တွင် မော်တော်ယာဉ်များ စနစ်တကျရပ်၍ ရပ်၊ ချ၊ တင်၊ ထွက် စနစ်အား စနစ်တကျကျင့်သုံးရန် မှတ်တိုင်တစ်ခုတွင် တစ်ပတ်ကြာစစ်ဆေးဆောင်ရွက်မှု ၂၂ မှတ်တိုင်၊ အထူးစစ်အဖွဲ့များကလည်း တစ်ပတ်လျှင် နှစ်ရက် မှတ်တိုင်၌ စနစ်တကျ ရပ်၊ ချ၊ တင်၊ ထွက် စနစ်ကျင့်သုံးရေး ကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့သော မှတ်တိုင်ပေါင်း ၅၄၄ မှတ်တိုင်၊ ယာဉ်လိုင်းကော်မတီများကလည်း နေ့စဉ်မှတ်တိုင် ၃၅ မှတ်တိုင်တို့တွင် ယာဉ်များ စနစ်တကျ ရပ်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်၍လည်း ကြပ်မတ်ဆောင်ရွက်သွားပါမည်။ အဆိုပါမှတ်တိုင်၌ စနစ်တကျ မရပ်သော ပြစ်မှုကျူးလွန်သည့် ယာဉ်လုပ်သားများအား ဒဏ်ငွေ ကျပ် ၃၀၀၀၊ မီးပွိုင့်တွင် ခရီးသည်တင်ချမှုပြုလုပ်သော ယာဉ်မောင်းများအား ငွေကျပ် ၁၀၀၀၀ နှင့် ယာဉ်မရပ်ရနေရာများတွင် ယာဉ်ရပ်ခြင်းပြုလုပ်ပါက ဥပဒေအရ အရေးယူရန်ဟု ပြစ်ဒဏ်ပေးရန် ရန်ကုန်တိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တာဝန်ယူစဉ်ကပင် သတ်မှတ်အရေးယူစေခဲ့ပါသည်။ ဤသို့ဆောင်ရွက်လျက်ရှိသော်လည်း ယာဉ်လုပ်သားများအနေဖြင့် ပြစ်မှုကျူးလွန်ခြင်းများ ပြုလုပ်လျက်ရှိပါသဖြင့် ခရီးသွားပြည်သူလူထုများကလည်းကောင်း၊ တွေ့ရှိသူများကသော်လည်းကောင်း မထသ(ဗဟို) သို့ တိုင်ကြားနိုင်ပါကြောင်း၊ မထသ (ဗဟို)၌ နှစ်ပတ်တစ်ကြိမ်ပြုလုပ်သော Media အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်သူလူထုများထံ အသိပေးနိုင်ပါရန်နှင့် ခရီးသွားပြည်သူများမှလည်း သတ်မှတ်ယာဉ်ရပ် မှတ်တိုင်များမှသာ စောင့်ဆိုင်းစီးနင်းခြင်းဖြင့် မထသကော်မတီများ၏ ယာဉ်စည်းကမ်းထိန်းသိမ်းကြပ်မတ်မှုအပေါ် ကူညီပေးကြပါရန် ပြည်သူလူထုသိရှိအောင် ရေးသားဖော်ပြပေးကြရန် မေတ္တာရပ်ခံခဲ့ပါသည်။ ထိုသို့ ပြည်သူလူထုတိုင်ကြားမှုအပေါ် ပြည်သူသို့ မေတ္တာရပ်ခံဆောင်ရွက်မှုကြောင့် ၂၀၁၃ ခုနှစ်တွင် မထသ (ဗဟို)သို့ တိုင်ကြားခဲ့သော တိုင်ကြားမှုပေါင်း ၃၃၀ လက်ခံရရှိသဖြင့် စစ်ဆေးအရေးယူခဲ့ပါကြောင်း ဖြေကြားအပ်ပါသည်။

**၁၄။ ခရီးသည်တင်ယာဉ်များရှိ စပယ်ယာများသည် ခရီးသည်များအား ဆက်ဆံရာ၌ မထသက ထုတ်ပြန်ထားသည့် အမိန့်ဒ္ဒါန် (၅) ချက်ကို ဆန့်ကျင်ပြီး မောက်မာ ရိုင်းပျစွာဆက်ဆံနေသည့်အတွက် မထသသို့တိုင်ကြားသော်လည်း အဘယ်ကြောင့် ထိရောက်စွာ အရေးမယူပါသနည်း။ ထို့အပြင် အလားတူပင် ယာဉ်မောင်းများသည်လည်း အပြိုင်မောင်းခြင်း၊ မှတ်တိုင်၌ မရပ်ဘဲ မီးပွိုင့်၌သာ ရပ်ပြီး အတင်အချပြုလုပ်ခြင်းရှိသည်ကိုလည်း မထသအနေဖြင့် တိုင်ကြားသည့်အပေါ် အဘယ်ကြောင့် ထိရောက်စွာ အရေးမယူသည်ကိုသိရှိလိုကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍** ရန်ကုန်တိုင်းဒေကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီသည် မော်တော်ယာဉ်လုပ်သားများ စည်းကမ်းလိုက်နာမှုရှိရေးအတွက် ဆောင်ရွက်ရာတွင် စစ်ဆေးအရေးယူကြပ်မတ်ခြင်း၊ ခရီးသွားပြည်သူများ၏ တိုင်ကြားမှုအပေါ် လက်ခံဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ရုပ်သံနှင့်စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး၍ မိမိတို့ မထသယာဉ်လိုင်းများနှင့် ပတ်သက်သော အချက်အလက်များအား ဆွေးနွေးအသိပေးခြင်းများစသည့် နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၃ ခုနှစ်၌ မထသ (ဗဟို)သို့ ခရီးသွားပြည်သူလူထုများ၏ တိုင်ကြားမှုပေါင်း ၃၃၀ ပေးပို့တိုင်ကြားခြင်းအား လက်ခံရရှိခဲ့ပါသည်။ ဖြစ်စဉ်များအပေါ် လေ့လာစစ်ဆေးပြီး ပြစ်မှုကျူးလွန်သူ ယာဉ်လုပ်သားများအား မိမိတို့အားခွင့်ပြုထားသည့် ချမှတ်နိုင်ခွင့်ရှိသော ပြစ်ဒဏ်များနှင့်အညီ အရေးယူလျက်ရှိပါသည်။ စစ်ဆေးအရေးယူမှုအခြေအနေကိုလည်း တိုင်ကြားသူများထံ ပြန်လည်အကြောင်းကြားပေးလျက်ရှိပါသည်။ ၂၀၁၃ ခုနှစ်အတွင်း မထသ(ဗဟို)သို့ တိုင်ကြားခဲ့သော တိုင်ကြားမှုပေါင်း ၃၃၀ ၌ ၇-၅-၂၀၁၃ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်၏ တိုင်ကြားမှုကို လက်ခံရရှိခဲ့ပါသည်။ အဆိုပါတိုင်ကြားမှုတွင် ၇-၅-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်ခန့်တွင် တိုင်ကြားသူသည် မထသမြို့တွင်း စီမံမှုအောက်ရှိ (၃၉) ယာဉ်ကြီးလိုင်းမှ ၅ခ/၆၁၇၁ ယာဉ်အား စံပြဈေးမှတ်တိုင်မှ အသင်းတိုက်မှတ်တိုင်သို့စီးရာ၌ လမ်းတွင် အရှိန်ပြင်းစွာမောင်းနှင်ခြင်းနှင့် အသင်းတိုက်မှတ်တိုင်တွင်ရပ်မပေးဘဲ မီးပွိုင့်တွင် ဆင်းစေခြင်းကြောင့် ထိရောက်စွာအရေးယူပေးစေလိုကြောင်း ပါရှိခဲ့ပါသည်။ ၎င်းတိုင်ကြားမှုအပေါ် မထသ(ဗဟို)မှ မထသ(ရန်ကုန်တိုင်းဒေသကြီး)အား စစ်ဆေး၍ မှန်ကန်ပါက အရေးယူရန် အကြောင်းကြားခဲ့ပါသည်။ မထသ(ရန်ကုန်တိုင်းဒေသကြီး)ကော်မတီမှ အဖွဲ့ဖြင့် စစ်ဆေး၍ ပြစ်မှုကျူးလွန်ခဲ့သော ၅ခ/၆၁၇၁ မှ ယာဉ်မောင်း ဦးဖြိုးမင်းဦးအား လိုက်ခွင့်တစ်လ ၁၅-၈-၂၀၁၃ မှ ၁၄-၉-၂၀၁၃ ရက်အထိ ပိတ်၍ ဒဏ်ကြေးငွေကျပ် ၁၀၀၀၀ ပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။ တိုင်ကြားမှုအပေါ် မထသမှ စစ်ဆေးအရေးယူမှု ပြုလုပ်ခဲ့သော်လည်း တိုင်ကြားသူ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မှပေးခဲ့သည်ဟု တင်ပြသော ဖုန်း-၀၉-၇၃၁၃၀၉၈၈ သို့ ဆက်သွယ်ပြောကြားမှု ပြုလုပ်ခဲ့ပါသည်။ သို့သော် အခြားသူတစ်ဦးအမည် ဖြစ်နေပါသဖြင့် ပြန်လည်ပြောကြားမှု မပြုနိုင်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ တိုင်ကြားမှု ဖုန်းလက်ခံစဉ် မှန်ကန်သောဖုန်းနံပါတ်ရရှိအောင် မေးမြန်းရေးအတွက် တာဝန်ရှိသူများအား သတိပေးပြောကြားပြီး ဖြစ်ပါသည်။ ယခုကဲ့သို့ တွေ့ဆုံအရေးယူမှုနှင့် ပတ်သက်၍ ပြန်ကြားရမှုအပေါ် နားလည်ပေးစေလိုပါသည်။ ဤကဲ့သို့ မထသယာဉ်လုပ်သားများအား စည်းကမ်းဖောက်ဖျက်မှုအပေါ် အသိပေးခြင်းဖြင့် ကူညီမှုအတွက် ကျေးဇူးတင်ပါကြောင်းနှင့် နောင်တွင်လည်း ဤကဲ့သို့ ပူးပေါင်းကူညီခြင်းဖြင့် မထသအဖွဲ့အစည်းများ တိုးတက်ရေးအတွက် ကူညီပေးစေလိုပါကြောင်း ဖြေကြားအပ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*



## အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

စမ်းချောင်းမြို့နယ် ဗားကရာဘုန်းတော်ကြီးများ ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရား သက်တော် ၁၀၉ နှစ်၊ (၄၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် အရုဏ်တက်တွင်စတင်ကျင်းပရာ ဘုရားကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများအမှူးပြုသော သံဃာတော်အပါး ၉၀ တို့က ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ကိုးထပ်ကြီးဘုရားဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၆ ရက်အထိ အစီအစဉ်များအရ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး နောက်ဆုံးရက်၌ ဘုရားအမှူးပြုသော သံဃာတော်အပါး ၉၀ တို့ကို ဆွမ်းဆန်တော်များ လောင်းလှူ၍ နိဗ္ဗာန်ဈေးတည်ခင်းလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

နိုင်ငံ့ဘက်စုံ ဖွံ့ဖြိုးဖို့
အခွန်မှန်မှန် ပေးဆောင်စို့


**ကျန်းမာရေးဝန်ကြီးဌာန**
**တိုင်းရင်းဆေးပညာဦးစီးဌာန**
**ပဲခူးတိုင်းဒေသကြီး**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

အထက်အကြောင်းအရာနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန ပြည်ခရိုင် ပြည်မြို့နယ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့်တည်ဆောက်မည့် ပြည်မြို့နယ် တိုင်းရင်းဆေးကုဌာန ၂အချင်း၊ ၁၈၀အနက် ရေတွင်းတူးခြင်း(မော်တာအပါအဝင်) (၄×၃)ရေမော်တာ အဆောက်အအုံဆောက်လုပ်ခြင်း၊ အုတ်ရေကန်တည်ဆောက်ခြင်း၊ (၄×၄×၄)လုပ်ငန်းအတွက် တင်ဒါခေါ်ယူလိုပါသည်။

**တင်ဒါဖွင့်ရက်နှင့်ပိတ်ရက်** - ၅-၂-၂၀၁၄ ရက်မှ ၁၁-၂-၂၀၁၄ ရက်အထိ

အသေးစိတ်အချက်အလက်များ သိရှိလိုပါက တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး ဖုန်း-၀၉-၄၃၁၆၅၉၈၂သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။



**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး**

**အိတ်ဖွင့်တင်ဒါရက် တိုးမြှင့်သတ်မှတ်ခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကို ၁၃-၁-၂၀၁၄ ရက်မှ ၂၄-၁-၂၀၁၄ ရက်အထိ ကြော်ငြာခဲ့သော်လည်း သတ်မှတ်ရက်အတွင်း လိုအပ်သောဆေးပစ္စည်းများတင်သွင်းနိုင်ခြင်းမရှိသဖြင့် အိတ်ဖွင့်တင်ဒါရက်ကို ၁၄-၂-၂၀၁၄ရက် ညနေ ၄း၀၀နာရီအထိ တိုးမြှင့်သတ်မှတ်ပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူ စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**မျက်စိရောဂါအထူးကုဆေးရုံကြီး**
**အမှတ် (၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၇**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| (က) | Submersible Pump | 8 Sets | မြန်မာကျပ်ငွေ |
| (ခ) | Ø 2" PVC Pipe | 400 Nos | ॥ |

**ပိတ်ရက်နှင့်အချိန်** - ၁၄-၂-၂၀၁၄ ရက် ၁၅း၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)**
**ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈**



**ကုန်ကြမ်းနှင့်ထုပ်ပိုးပစ္စည်း (၁၄)မျိုး အဝယ်တင်ဒါ**

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်** - ကုန်ကြမ်းနှင့် ထုပ်ပိုးပစ္စည်း(၁၄)မျိုး

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၈-၂-၂၀၁၄ ရက် ညနေ ၄ နာရီ

၃။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**တယ်လီဖုန်းအမှတ်**

**ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)** **ဖုန်း-၀၆၇-၄၀၈၀၇၆**
**ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန** **ဖုန်း-၀၆၇-၄၀၈၃၅၄**
**နေပြည်တော်**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

**၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | Newsprint Paper (48.8) gsm (၃၀"×၂၂")အရွယ်အစား နော်ဝေစက္ကူ | ၂၅၀၀ ထုပ် |

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၇-၂-၂၀၁၄ ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀ (ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်)ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**



**ဖခင်အမည်မှန်**

မြိတ်တက္ကသိုလ်၊ သမိုင်းအဓိက၊ ခုံအမှတ် ၃/သ-၃၄ဖြင့် အောင်မြင်ခဲ့သော မအိသူသူထွန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးချန်ထွန်း MYK-၀၆၁၄၄၃ ဖြစ်ပါကြောင်း။

**ဦးချန်ထွန်း**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးမြတ်စိုးထူး ၁၁/စတန(နိုင်)၀၅၆၅၇၂ မှတင်သွင်းသော သွင်းကုန်ပါမစ်နံပါတ် ILV-13-14 0626 ၏ အကောက်ခွန်ဦးစီးဌာနမှ သွင်းကုန်ကြေညာလွှာ Import Declaration (ID) မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၃၁၁၆၃၅၅**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး



# လှိုင်သာယာမြို့နယ်၌ တန်ဖိုးနည်းအိမ်ရာတည်ဆောက်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်း (၂၃၊ ၂၆) ရပ်ကွက် တန်ဖိုးနည်းအိမ်ရာစီမံကိန်း တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းမီရေး၊ လုပ်ငန်းစီမံချက်ပါအတိုင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။

ဒုတိယဝန်ကြီးသည် လှိုင်သာယာမြို့နယ် ကျွန်စစ်သားလမ်းပေါ်ရှိ Commercial ဧရိယာအတွင်း (Shop House) အိမ်ရာများကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အထူးစီမံကိန်းကြီး (၅)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ဘုရင့်နောင်တံတား အမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဟိုပင်မြို့နယ်တွင် တောင်သူ ၁၄၅ ဦးကို ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး

**ဟိုပင် ဖေဖော်ဝါရီ ၇**

ကချင်ပြည်နယ် ဟိုပင်မြို့နယ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးယူရရှိသည့် Exim BANK ချေးငွေများကို တောင်သူများသို့ ဖေဖော်ဝါရီ ၃ ရက်က ပေးအပ်ခဲ့သည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အထောက်အကူပြုကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ရွှေပြည်သူလယ်ယာနှင့် အထွေထွေသမဝါယမအသင်းလီမိတက်အသင်းသား တောင်သူ ရှစ်ဦးအတွက် ကျေးရွာ သမဝါယမအသင်းဥက္ကဋ္ဌ ဦးသန်းဝင်းက ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေများကို တောင်သူများ၏ လက်ဝယ်သို့ ထုတ်ချေးပေးခဲ့သည်။

ဖေဖော်ဝါရီ ၁ ရက်က မြို့သစ်ကလေးကျေးရွာခေတ်သစ်စိုက်ပျိုးရေးနှင့်အထွေထွေ သမဝါယမအသင်းလီမိတက်အသင်းသားတောင်သူ ၅၇ ဦးအတွက်လည်းကောင်း၊ လယ်ယာနှင့် အထွေထွေသမဝါယမအသင်းလီမိတက်များဖြစ်ကြသော အင်းလေးကျေးရွာ လင်းထွန်းကျော်အသင်းသားတောင်သူ၂၂ဦးကိုလည်းကောင်း ချေးငွေးများ ပေးအပ်ခဲ့သည်။

ထို့အတူ ဖေဖော်ဝါရီ ၂ ရက်က တကွင်းကျေးရွာငြိမ်းချမ်းရှင်ပျော်(လယ်/ထွေ) အသင်းသားတောင်သူ၁၄ဦး၊ နန့်ရင်းကျေးရွာ အောင်ချမ်းသာ (လယ်/ထွေ) အသင်းသား တောင်သူ၂၂ဦး၊ ကြာကြီးကွင်းကျေးရွာပွင့်သစ်စ(လယ်/ထွေ) အသင်းသား တောင်သူ ရှစ်ဦးတို့အပြင် ငါးမိုင်ကျေးရွာ ထွန်းတောက်(လယ်/ထွေ)အသင်းသားတောင်သူ ရှစ်ဦးနှင့် ငါးမိုင်ကျေးရွာ ထွန်းတောက် (လယ်/ထွေ)အသင်းသားတောင်သူ ၂၀တို့အတွက် တစ်ဦးလျှင်ငွေကျပ်တစ်သိန်းနှုန်းဖြင့်ဆောင်းသီးနှံစိုက်ပျိုး စရိတ်ချေးငွေများကို တောင်သူများလက်ဝယ်သို့ ထုတ်ချေးပေးခဲ့ကြကြောင်းသိရသည်။

ဖေဖော်ဝါရီ ၃ ရက်က ကျင်းပခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေး ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားတွင် မြို့မတောင်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့်မိုးညှင်းမြို့နယ်သမဝါယမဦးစီးဌာနမှအဖွဲ့ အမှတ်(၄) ဦးစီးမှူး ဒေါ်မော်မော်ဝင်း တို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှချေးယူရရှိသည့် Exim BANK ချေးငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု ကတ္တရာလမ်းသစ်ဖွင့်

(၆၇)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဇီးကုန်းလေးရပ်ကွက် ကံဦးလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက အဆိုပါ လမ်းသစ်ဖွင့်ပွဲ မုခ်ဦး၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်နှင့် လူမှုရေးအသင်းအဖွဲ့များတက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးညဏ်စိုးက ကတ္တရာလမ်းခင်းရခြင်းအကြောင်းကို ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စား လှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၆၃၀ နှင့် အကျယ် ၁၀ ပေရှိကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ရွှေသောင်ယံရှိ RC တစ်ထပ်ဆောင် စာကြည့်တိုက်ဆောက်လုပ်မှုစစ်ဆေး

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်သီရိဟေမာန်နှင့်ဝန်ထမ်းများသည် ဇန်နဝါရီ ၃ ရက်က ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ ချောင်းသာအုပ်စု ကံကြီး စံပြကျေးရွာသို့ သွားရောက်ခဲ့ပြီး အလျား ၃၆ ပေ၊ အနံ ၂၂ပေရှိသော ပညာရတနာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် RC တစ်ထပ်ဆောင် ဆောက်လုပ်မှု အခြေအနေများကို ကြည့်ရှုကာ စာကြည့်တိုက် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကံကြီးစံပြကျေးရွာရှိ စာကြည့်တိုက်ကော်မတီအဖွဲ့ဝင်များ၊ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### သန်းခေါင်စာရင်းကောက်ကြစို့ ဆိုင်းဘုတ်တင်

ကချင်ပြည်နယ် ဟိုပင်မြို့နယ်ခွဲ မြဇေယျာရပ်ကွက် ပြည်ထောင်စုလမ်းမကြီးဘေး ကားဂိတ်ရှေ့၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၁ နာရီက ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးဦးတိုးကျော်သူ၊ ရဲတပ်ဖွဲ့စခန်းမှစခန်းမှူး ဒုတိယရဲမှူးသိန်းဘိုထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးသန့်ဇင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော ပြည်သူများနှင့် ဖြတ်သန်းသွားလာနေသော ပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**


## (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ တက်ရောက်ပေးပါရန် ဖိတ်ကြားခြင်း

၂၀-၂-၂၀၁၄ရက်တွင် ကျရောက်မည့် (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ကို နေပြည်တော်ရှိ ချင်းအမျိုးသားနေ့ကျင်းပရေးကော်မတီမှ ကြီးမှူး၍ အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ကြွရောက်ချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၀-၂-၂၀၁၄ ရက်
**ကျင်းပမည့်အချိန်** - ၁၈း၀၀ နာရီမှ ၂၃း၀၀ နာရီအထိ
**ကျင်းပမည့်နေရာ** - မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) နေပြည်တော်

ပွဲကျင်းပရေးအတွက် အလှူငွေထည့်ဝင်လိုသူများ အောက်ပါလိပ်စာများသို့ ထည့်ဝင်နိုင်ပါသည်။

ဦးစိုးထက် ဖုန်း-၀၉-၈၆၂၁၈၅၁ ဦးလိုင်ဒိန်း ဖုန်း-၀၉-၄၄၈၅၃၅၀၉၀
ဦးဝင်းစိုးဦး ဖုန်း-၀၉-၄၄၈၅၄၈၇၅၈ ဦးပါဆွီး ဖုန်း-၀၉-၄၄၈၅၃၄၁၇၄
ဦးမောင်ထွန်း ဖုန်း-၀၉-၄၃၀၇၈၈၃၀

**ချင်းအမျိုးသားနေ့ကျင်းပရေးကော်မတီ**
**နေပြည်တော်**

## သဲအင်းဂူ ခုနစ်ရက်အဓိဋ္ဌာန် တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၆ရက်မှ ၂၃ရက်အထိ ခုနစ်ရက်အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင် အဖွဲ့၏ ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးသီဟ (ပုသိမ်)အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဖေဖော်ဝါရီ ၁၅ ရက် (စနေနေ့) ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် ဆွမ်းစားဆောင်ပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇ သို့ ဆက်သွယ်ပါရန်နိုးဆော်အပ်ပါသည်။

**အမည်ပြောင်း**

ဦးမောင်ဘုချေ၏သား အထက(၅) စစ်တွေ နဝမတန်း(B)မှ မောင်ကျော်မင်းထွန်းအား မောင်ကျော်မင်းဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကျော်မင်းဟိန်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဉပဒေ-၂၀)**
**ပုဗ္ဗသီရိမြို့နယ်တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃**

မအေးစိုး **နှင့်** ၁။ ဦးညွန့်ဝင်း
၂။ ဒေါ်မာမြင့်

**တရားလို** **တရားပြိုင်များ**

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ နန်းဩကျေးရွာအုပ်စု၊ နန်းဩကျေးရွာ ဦးညွန့်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မအေးစိုးက ချေးငွေ ၁၈၅၀၀၀၀/-(ကျပ်တစ်ဆယ့်ရှစ်သိန်းငါးသောင်းတိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝတ်မှုန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပုဗ္ဗသီရိမြို့နယ်တရားရုံး**

## တစ်ချက်တည်းကျင်းဝင်

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဦးတိုနီသည် ကစားဖော်များဖြစ်ကြသော ဦးမြင့်ဦး၊ ဦးဝင်းတင်၊ ဦးဘိုဘိုတင်တို့နှင့်အတူ ၂၆-၁-၂၀၁၄ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Titleist Iron V1 No(3) ဘောလုံးကို Honma Iron No(7) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၃ ကိုက်ရှိ ကျင်းအမှတ်(၂)တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

## အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ငြိမ်း (ဘ) ဦးတန်ဘီ ၁၂/အစန(နိုင်)၁၃၇၇၄၁၈၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေသည် ကွင်းအမည် ဒညင်းကုန်းကွင်း၊ ကွင်းအမှတ် ၄၀၄ A၊ ဦးပိုင်အမှတ် ၅(၃)၊ ဧရိယာဧက ၆ ဒသမ ၁၂ဧကအား ၁၉၅၁-၅၂ခုနှစ်မှစ၍ အဘိုး ဦးသိန်းမောင်၊ အမိ ဒေါ်တော၏သား ဦးတန်ဘီမှ ၄င်း ၁၉၆၇-၆၈ခုနှစ်မှစ၍ ဦးတန်ဘီ၏သား ဦးတင်ငြိမ်းမှ အစဉ်အဆက်လုပ်ကိုင်ခဲ့ပြီး အစဉ်အဆက် အဆိုပါလယ်ယာမြေအတွင်း၌ နေထိုင်ပိုင်ဆိုင်ခဲ့သူတစ်ဦးဖြစ်ကြောင်းနှင့် အဆိုပါလယ်မြေအား အမွေဆက်ခံပိုင်ဆိုင်သူ ဦးတင်ငြိမ်းမှ သက်ဆိုင်ရာရုံးဌာနများတွင် ဦးပိုင်မှတ်ပုံတင်များ တင်ပြလျှောက်ထားခဲ့ပြီးဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ တစ်စုံတစ်ရာခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း စီမံခန့်ခွဲခြင်းကိစ္စရပ်များပြုလုပ်ခြင်းအား ကန့်ကွက်ပါကြောင်းနှင့် ပိုင်ရှင်ဦးတင်ငြိမ်း မဟုတ်ဘဲ ရောင်းချခြင်းများသည် ဝယ်ယူသူ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ဓာဓာဝင်း** | **ဒေါ်သန့်သန့်ချော** | **ဒေါ်သဇင်အောင်** |
| (စဉ်-၄၁၁၂၃) | (စဉ်-၂၆၉၉၄) | (စဉ်-၃၉၀၇၀) |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| ဖုန်း-၀၉-၄၃၁၈၆၀၂၅ / ၀၉-၄၂၅၀၁၈၂၇၆ | ဖုန်း-၀၉-၇၃၀၄၇၁၁၅ | ဖုန်း-၀၉-၄၂၁၁၀၇၅၄၇ |

**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

သတင်းဆောင်းပါးနှင့်ကြော်ငြာ

# စကားပြောသောမြို့ သို့မဟုတ် လှပဝေဆာတင့်တယ် ရေးမြို့နယ်



သက်နိုင်(ပြင်ဦးလွင်)

ရေးမြို့သည် ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ် ကားလမ်းပေါ်တွင် တည်ရှိပြီး မွန်ပြည်နယ်အတွင်း ပါဝင်ပေသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၇၀ သာရှိသော်လည်း တောင်ပေါ်မြို့တစ်မြို့ကဲ့သို့ အေးမြစိမ်းလန်းသော မြို့ဖြစ်သည်။ တစ်ဖက်တွင်တောင်၊ တစ်ဖက်တွင် ရေးမြစ်၊ ဆူးရစ်တောင်ကုန်း၊ စကားဝါတောင်ကုန်းများပေါ်မှ ရွှေရောင်တဝင်းဝင်းဖြင့် စေတီတော်များ၊ ချစ်စရာပင်လယ်ကမ်းခြေဖြစ်သော ကဗျာဝ၊ မလွှဲတောင်ရှိ သဘာဝတောင်ကျရေတံခွန်စိမ့်စမ်းအသွယ်သွယ်ဖြင့် တောင်ကမ်းပါးကို ပတ်၍ ဖောက်လုပ်ထားသောလမ်းတို့ဖြင့် ကြည်နူးဖွယ်ရာကောင်းလှပေသည်။

ရေးမြို့သည် သာယာလှပသည်သာမက ရှေးဟောင်းသမိုင်းဝင် အထင်ကရမြို့ကြီးတစ်မြို့လည်း ဖြစ်ပေသည်။ ဂေါတမမြတ်ဘုရားရှင်သည် ဝါတော်ရှစ်ဝါအရောက် သတ္တဝါတို့အားကယ်ချွတ်ရန် ဒေသစာရီကြွချီတော်မူရင်း ရေးမြို့သို့ရောက်ရှိသောအခါ ပြုံးတော်မူပြီး လက်ညှိုးညွှန်ပြလျက် ဗျာဒိတ်ပေးမြွက်ကြားတော်မူသည်မှာ “ညီဖွား အာနန္ဒာ သံသရာတစ်ခွင် ကျင်လည်စဉ်ဟိုးရှေးယခင်တုန်းက ငါဘုရားလောင်းတော်သည် ရွှေကျေးမင်းဖြစ်ခဲ့ရဖူးပြီး ဆူးချုံများပေါက်ရောက်နေသော အလယ်တောင်ကုန်းနှင့် စကားဝါပင်တစ်ပင်ပေါက်ရောက်နေသော ဤဒေသ(ရေးမြို့)တွင် ကူးလူးလှုပ်ရှား ကျက်စားခဲ့ဖူးသည်။ နောင်အခါတွင် ဤဒေသ၌ စည်ကားလှသော မြို့အဖြစ် သာသနာရောင်ဝါထွန်းပြောင်လိမ့်မည်။ တောင်ကုန်းနှစ်ခု၌ ဆံတော်ဓာတ်များပါသော ဘုရားတည်ထားခဲ့လျှင် သတ္တဝါတို့သည် ရှိခိုးပူဇော်ခြင်း ပြုကြ၍ လူ၊ နတ်၊ နိဗ္ဗာန်သုံးတန်သော အကျိုးကိုရရှိကြပေလိမ့်မည်”ဟု မြွက်ကြားတော်မူခဲ့သည်။

ရေးမြို့သည် မြေသြဇာမြေဆီမြေနှစ်ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းခြင်း၊ ပင်လယ်နှင့်နီးပြီး မြစ်ချောင်းများပေါများသောကြောင့် ရေလုပ်ငန်းဖြင့်စီးပွားဖြစ်ခြင်း စသည်တို့ကြောင့် တစ်စနှင့်တစ်စ ပိုမိုစည်ကားလာလေသည်။ ရေးမြို့၏အဓိကစိုက်ပျိုးသီးနှံမှာ ဆန်စပါးနှင့် ကွမ်းသီး၊ ရော်ဘာ၊ ဒူးရင်း၊ မင်းကွတ်၊ အုန်းတို့ဖြစ်ကြပေသည်။

ရေးမြို့သည် တောင်နှင့်မနီးမဝေး၊ တောနှင့်မကွာလှမ်း၊ ပင်လယ်နှင့်လည်း မကွာဝေးသောကြောင့် အပူပိုင်းစိုစွတ်ရာသီဥတုရရှိပြီး သာယာလှပပေသည်။ ထို့အပြင် ရေးမြို့တွင်ရှိသော ဆေးတောင်၏အစွမ်းကြောင့် သစ်သီးများအရွယ်အစားကြီးမားဖွံ့ဖြိုးပြီး ထူးကဲသောအရသာရှိပေသည်။ ထို့ကြောင့်လည်း မြို့နယ်အတွင်းတွင် မျက်စိတစ်ဆုံးသော ရော်ဘာ၊ ကွမ်းသီး၊ ဒူးရင်းနှင့်ခနိခြံစသော ဥယျာဉ်ခြံကြီးများကို တွေ့မြင်ရပေသည်။

ရေးမြို့သည် ယခင်က နယ်မြေအေးချမ်းသာယာမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းမွန်မှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသော်လည်း ယခုအခါတွင် နယ်မြေအေးချမ်းသာယာလာခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်းတို့ကြောင့် တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပေသည်။ ပို့ဆောင်ဆက်သွယ်ရေးအနေဖြင့် ကမ်းရိုးတန်းသင်္ဘောများ၊ မီးရထား၊ မော်တော်ကားလမ်းရှိသည့်အပြင် လေယာဉ်ကွင်းလည်းရှိလေသည်။ ယခင်က မီးရထားလမ်းဆုံးမြို့ဖြစ်ခဲ့သော်လည်း ယခုအခါ ထားဝယ်မြို့အထိ မီးရထားလမ်းတိုးချဲ့ဖောက်လုပ်ထားသောကြောင့် အဆင်ပြေလှသည်။

မော်တော်ကားလမ်းသည် ယခင်ကချိုင့်ခွက်များခြင်း၊ လမ်းနှုတ်ခမ်းသားများပဲ့ခြင်း၊ ကားနှစ်စီးရှောင်၍ မရလောက်အောင်အလွန်ဆိုးရွားခဲ့သော်လည်း ၂၀၁၂ ဒီဇင်ဘာလမှ စတင်၍ပြင်ဆင်ခဲ့ရာ ကောင်းမွန်ခဲ့ပေပြီ။ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ပြည်ထောင်စုလမ်းအဖြစ် သတ်မှတ်ဖောက်လုပ်သော လမ်းအကျယ်များမှာ ၁၂ ပေ၊ ၁၈ ပေ၊ ၂၄ ပေ၊ ၄၈ ပေ၊ ၇၂ ပေအထိ တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်-မြိတ် ကားလမ်းသည် ပြည်ထောင်စုလမ်းမကြီးအဖြစ် ပါဝင်လျက်ရှိသောကြောင့် ယခု လောလောဆယ်တွင် လမ်းနယ်နိမိတ် ပေ ၁၅၀ ရှိပြီး လမ်းအကျယ်မှာ ၁၇ ပေအထိ ညီညာဖြောင့်ဖြူးစွာ ဖောက်လုပ်ထားပြီးဖြစ်ပေသည်။ ၎င်းလမ်းသည်အာဆီယံလမ်းမကြီးတွင်ပါဝင်သောကြောင့်လည်း နောင်အခါတွင် လမ်းနယ်နိမိတ် ပေ ၃၀၀ အထိ တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရှိရသောကြောင့် လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ပိုမိုကောင်းမွန်လာပြီဖြစ်ပေသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသောကြောင့် ရေးမြို့သည် မြန်မာနိုင်ငံအနှံ့အပြားမှဒေသများနှင့် လျင်မြန်စွာကုန်စည်ပို့ဆောင်ရောင်းဝယ်နိုင်မည်ဖြစ်သဖြင့် တစ်ဟုန်ထိုးတိုးတက်လာခြင်းလည်းဖြစ်ပေသည်။ ထို့အပြင် စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့်လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် အထူးလိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားသည်လည်း ၂၄ နာရီအချိန်ပြည့်ရရှိထားပြီဖြစ်ရာ မြို့တော်စည်ပင်သာယာရေးအတွက် များစွာအထောက်အကူပြုလျက်ရှိပေသည်။ သို့သော်လည်း ယခုလို ကမ္ဘာကြီးသည်ရွာဖြစ်သွားသော နည်းပညာတိုးတက်လာသည့် အိုင်တီခေတ်တွင် မော်လမြိုင်၊ သံဖြူဇရပ်၊ မြိတ်၊ ထားဝယ်မြို့များတွင် အင်တာနက်လိုင်းအားကောင်းပြီး ရေးမြို့တစ်မြို့တည်းတွင်သာ လိုင်းအားနည်းသည်ကို ချွတ်ယွင်းချက်တစ်ခုအဖြစ် တွေ့မြင်ရပေသည်။

မည်သို့ပင်ဖြစ်စေ ယခုအခါ ရေးမြို့သည် စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်းများသာမက ပင်လယ်ကမ်းခြေအပန်းဖြေစခန်းဖြင့် ဖွံ့ဖြိုးစည်ကားလာသည့်အပြင် ဘာသာသာသနာရေးအရလည်း ထူးခြားအံ့သြ ကြည်ညိုဖွယ်ကောင်းလှသည့် ကိုရင်လေးဆရာတော် တည်ထားကိုးကွယ်ထားသော ရာမညအတုလဘုရားနှင့် ကျိုက်ဒေသမော့ဇရတ်စေတီတော်ကြီးပေါ်ထွက်လာသည့်အတွက် သာသနာရောင်ဝါသည်လည်း ထွန်းလင်းတောက်ပလျက်ရှိပါကြောင်း၊ မြို့တော်အတွက်အထူးဂုဏ်ယူစရာပင်ဖြစ်ပါကြောင်း။ ။


## ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် ပျဉ်ပုံကြီး အထက
## မြတ်ဆရာပူဇော်ပွဲ

**သူငယ်ချင်းတို့ရေ-**

ပျဉ်ပုံကြီး ယခင် အလက၊ အထကတွဲဖက်နှင့် အထကကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၂-၂-၂၀၁၄ ရက် (ပြည်ထောင်စုနေ့)တွင် အင်ကြင်းခိုင်ခန်းမမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မှာဖြစ်ပါတယ်။

တို့ရွာနဲ့ တို့ကျောင်းရဲ့ ဂုဏ်သိက္ခာ၊ တို့ငယ်ဆရာကြီး ဆရာမကြီးများရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့တသ ကျေးဇူးဆပ်သောအားဖြင့် ပူဇော်ပွဲကြီး နှစ်စဉ်မပျက် ခန့်ခန့်ထည်ထည်ကျင်းပနိုင်ရေးအတွက် အနယ်နယ်အရပ်ရပ်က ကျောင်းသား ကျောင်းသူဟောင်းများနဲ့ ရွာခံ သူငယ်ချင်းတွေအားလုံး ပြန်လည်တွေ့ဆုံကြရင်း တက်စွမ်းနိုင်သမျှ ပါဝင်လှူဒါန်းနိုင်ကြဖို့နဲ့ ပူဇော်ပွဲကြီး ရေရှည်တည်တံ့ခိုင်မြဲဖို့-

အကြံကောင်း၊ ဉာဏ်ကောင်း၊ စိတ်ကူးကောင်းတွေနဲ့ ဝိုင်းဝန်း ပူးပေါင်းပါဝင်လက်တွဲဖို့ ပူဇော်ပွဲရက်မှာလည်း မပျက်မကွက် ဆက်ဆက်တက်ရောက်ဖို့ ဖိတ်ခေါ်ရင်း-

**ဆက်သွယ်နိုင်သူများ-**

| | |
|---|---|
| အထက(ပျဉ်ပုံကြီး) | ဖုန်း-၀၅၂-၇၀၁၀၁ |
| ဆရာဦးညွန့်တင်(ရန်ကုန်) | ဖုန်း-၀၁-၅၄၀၉၁၇ |
| ကိုအောင်မြင့်ကြည်(ရန်ကုန်) | ဖုန်း-၀၉-၇၃၁၄၇၃၇၇ |
| ကိုဆောင်းတင်(ရန်ကုန်) | ဖုန်း-၀၁-၇၃၀၀၄၉၄၂ |
| ကိုလွင်ဦး(ပျဉ်ပုံကြီး) | ဖုန်း-၀၅၂-၇၀၀၄၀ |
| မယဉ်ယဉ်ဝင်း(ပျဉ်ပုံကြီး) | ဖုန်း-၀၉-၅၃၀၀၃၁၇ |
| မနီနီလွင်(ပျဉ်ပုံကြီး) | ဖုန်း-၀၅၂-၇၀၀၈၁၊ ၀၉-၂၅၀၁၁၁၄၇၈ |
| မမူမူသိန်း(ပျဉ်ပုံကြီး) | ဖုန်း-၀၅၂-၇၀၀၆၉၊ ၀၉-၄၂၈၁၅၅၀၈၈ |
| ကိုခင်မောင်မြင့်(ပျဉ်ပုံကြီး) | ဖုန်း-၀၅၂-၇၀၁၄၂၊၀၉-၂၅၄၂၃၅၁၇၁ |
| ကိုဉာဏ်မြင့်အောင်(ပျဉ်ပုံကြီး) | ဖုန်း-၀၅၂-၇၀၀၀၂၊ ၀၉-၄၂၈၁၅၆၇၃၈ |
| ကိုမြင့်ကျော်ဝင်း(ပျဉ်ပုံကြီး) | ဖုန်း-၀၅၂-၇၀၀၃၉၊ ၀၉-၂၅၀၁၁၁၃၈၀ |
| ကိုအောင်မျိုး(ပျဉ်ပုံကြီး) | ဖုန်း-၀၅၂-၇၀၀၂၄၊ ၀၉-၄၂၈၁၂၃၃၈၇ |

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၅ယ/၉၁၅၄၄ Honda Wave NF 100 ယာဉ်လက်ဝယ်ရှိသူ ဦးအားယိုဂါ ၁၃/ကတန(နိုင်)၀၁၄၅၄၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(ပြည်နယ်ရုံး)၊ ကျိုင်းတုံ**

## ပိုင်ရှင်ကိုယ်တိုင် ငှားမည်

၁။ ရန်ကုန်မြို့၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ဦးဝိစာရလမ်းမကြီးနှင့်ကပ်လျက်၊(ဘလာဇုန်အဆောက်အအုံနှင့် မျက်စောင်းထိုးလမ်းကျယ်နှစ်ဖက် ပေ(၉၀)ရှိ မျက်နှာစာ-ထောင့်ကွက်၊ ခန်းဖွင့်နှစ်ထပ်တိုက်အဆောက်အအုံ၊ (လေကောင်းလေသန့် x ရေ x မီး x ဖုန်း) အစုံပါသည်။ အသင့်နေထိုင်နိုင်သည်။

၂။ ဘဏ်လုပ်ငန်းများ၊ (Showroom) အရောင်းပြခန်းများအတွက် အထူးသင့်လျော်သည်။မောင်မင်းခိုင်အေး ဖုန်း-၀၉-၄၄၀၀၀၂၃၆၆၊ ၀၁-၅၀၁၂၁၉

**နေ့စဉ် ရုံးချိန်အတွင်းသာ စုံစမ်းနိုင်ပါသည်။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က-ခ)ရပ်ကွက်၊ (ခ-၈)လမ်း၊ တိုက်အမှတ် ၂၉၄၊ စတုတ္ထထပ်(ငါးလွှာ)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေမီဇော် ၉/မထလ(နိုင်)၀၄၁၄၉၁ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေနှင့် ရောင်းဖိုးငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကိုလင်း(ကော့မှူး)**
**LL.B, D.B.L, WIPO (Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၃၃၉၄၇)**
**ဘဏ်အကျိုးဆောင်ရှေ့နေ**

**ဒေါ်ဂျာဒိုင်လု**
**LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၂၃၀၇)**

**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၄၂၅၇၄၊ ၀၉-၂၅၀၄၀၄၀၆၅၂၊ ၀၉-၄၄၀၀၀၇၂၆၉**

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ အလက(၁)ထခွဲကန်းနား အဌမတန်း(C)မှ မေသူကျော်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝေဖြစ်ပါကြောင်း။

**ဦးမြင့်ဝေ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ခ/၂၂၄၃ Nissan Diesel CW 610 HV,D/T(6x4) ယာဉ်လက်ဝယ်ရှိသူ Asia Worldက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ် ၁၆/က အိမ်အပါ ပေ(၁၀×၄၀)ရှိမြေအား ရတနာလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်နေ ဦးထင်ကျော်အောင် ၁၂/စခန(နိုင်)၀၁၃၂၂၆ ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ဤကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ခင်ဝင်း ၁၂/ဥကမ(နိုင်)၀၃၂၈၉၆**
**ဖုန်း-၀၉-၄၂၁၀၅၇၀၄၁**

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

## သုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်း (တောင်ကြီး)

အသက်(၈၃)နှစ်

ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း၏မိခင် သုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်းသည် ၂၈-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ကော်မတီဝင်များ
ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ
အမျိုးသားလွှတ်တော်

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်ရန်လင်း

အသက်(၆၈)နှစ်

ဦးလှထွန်းနှင့်အဖွဲ့လီမိတက် စာရင်းစစ်အဖွဲ့မှ ဒါရိုက်တာ ဦးမောင်မောင်အောင်၏မိခင် ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်ရန်လင်း အသက်(၆၈)နှစ်သည် ၄-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ
သမဝါယမဘဏ်လီမိတက်

## ဦးတင်ဝင်း

(လက်ထောက်ညွှန်ကြားရေးမှူး)
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး
အသက်(၆၀)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ တောင်ကိုင်းတောင်ဘက်ကျေးရွာနေ ဦးပန်းရည်-ဒေါ်ငွေနိုင်တို့၏သားထွေး၊ ဆည်သည်မြောက်ရွာနေ ဦးသုခ-ဒေါ်ငွေကြည်တို့၏သားသမက်၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်(၄၆)နေ ဒေါ်ခင်အေးမြင့်(မူပြ)၏ခင်ပွန်း၊ ကိုအေးဝင်းဟိန်း-မစန်းမျိုးလှိုင်၊ ကိုရဲဝင်းနိုင်-မမျိုးကေသွယ်ထွန်း၊ ကိုညီညီဉာဏ်ဝင်းထက်တို့၏ဖခင်၊ မောင်ကောင်းသုတ၊ မသိမ့်စုစုစံတို့၏အဘိုးသည် ၆-၂-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် မန္တလေးမြို့ နန်းရှေ့နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၂-၂၀၁၄ရက်ထုတ် ဤသတင်းစာစာမျက်နှာ(၂၃)ပါ ဒေါ်သိန်းစိန်(နမ္မတီး) အသက်(၄၀)နာရေးကြော်ငြာအား ဒေါ်သန်းစိန်(နမ္မတီး) အသက်(၄၀)ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်

## ဦးထွန်းလှ (ရေနံချောင်း)

အသက်(၇၆)နှစ်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နေ (ဦးဘိုးဆင့်-ဒေါ်ဒွေး)တို့၏သား၊ (ဦးကျင်တိုး - ဒေါ်လှိုင်)တို့၏ သားသမက်၊(ဦးကျော်ယျ)-ဒေါ်ထိပ်တင်ဆွေတို့၏ညီ/မောင်၊ ဦးစိန်မောင်(ခ)ဦးမျိုးဝင်း-ဒေါ်နှင်းရွှေတို့၏အစ်ကို၊ အမှတ် ၄၇၁၊ ပထမထပ်(ခေါင်းရင်း)၊ ၇လမ်း၊ (၁)ရပ်ကွက်၊သမိုင်း၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ဝင်းရွှေ၏ခင်ပွန်း၊ ဒေါ်မာလာစိုး-ဦးတင်လှ၊ ဦးထွန်းလင်းဇော်-ဒေါ်ခင်စန်းယု၊ ဒေါ်ဥမ္မာစိုး၊ ဦးမျိုးမင်းလတ်-ဒေါ်သင်းသင်းယု၊ ဦးကျော်မင်းထွန်း-ဒေါ်ကြူကြူမာ၊ ဦးကျော်စည်သူ-ဒေါ်အေးမြင့်ကြူ၊ မလှိုင်းထက်ထက်အောင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၇-၂-၂၀၁၄ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၂-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၄ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးသိန်းဝင်း

(PIA Shipping Manager,Chief instructor, Engine Dapt.)
အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၂နေ (ဦးကိုကိုကြီး-ဒေါ်ညွန့်စိန်)တို့၏သား၊ (ဦးသိန်း-ဒေါ်အမာ)တို့၏သားသမက်၊ ဒေါ်လှမြတ်သိန်း၏ခင်ပွန်း၊ ဦးဝေလင်းကိုကို (Second Mate F.G Uniteam)-ဒေါ်ယဉ်လွှာဝင်း၊ ကိုအေဇာသိန်းဝင်း (ခေတ္တ-Dubiui)၊ မငုဝါဝင်း(နည်းပြ၊ကွန်ပျူတာတက္ကသိုလ်၊ ကျိုင်းတုံ)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၆-၂-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇း၄၅နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၂-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မာကြည် B.A, B.Ed

(အထက-အိမ်မဲ၊ ငြိမ်း)
အသက်(၆၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့၊ အထက်ပိုင်းရပ်၊ အမှတ် ၁၁၁၊ မြခွာညိုလမ်းနေ(ဦးထွန်းရင်-ဒေါ်သိန်းမေ)တို့၏သမီးကြီး၊ ဦးစိုးဝင်း၊ ဒေါ်စန်းစန်းဝင်း၊ ဦးမိုးကျော်သူ - ဒေါ်တင်တင်ဝင်းတို့၏အစ်မကြီး၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၃-၂-၂၀၁၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးကြည်လှိုင်

စက်မှု(၁)ထွေ/ထိန်း
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊ဌာနာလမ်း၊ ဌာနာရပ်ကွက်၊အမှတ် 17/A-2နေ(ဦးစိုးလွင် - ဒေါ်သန်းညွန့်)တို့၏ သား၊ (ဦးညွန့်-ဒေါ်မြသန်း)တို့၏သားသမက်၊ ဒေါ်မေမေစန်း၏ခင်ပွန်း၊ ဦးဝင်းထွဋ်-ဒေါ်ယုယုလှိုင်၊ဒေါ်အိမာလှိုင်တို့၏ဖခင်၊ မောင်အောင်သီဟလှိုင်၊ မောင်လင်းဝင်းယံလှိုင်၊ မောင်ခန့်ဘုန်းထွဋ်တို့၏အဘိုး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းမတော်လမ်း၊ အမှတ် ၁၄၁၊ မြေညီထပ်နေ ဦးသန်းအောင် - ဒေါ်ဝင်းဝင်းခိုင်၊ ဦးတင်ရှိန်-ဒေါ်ခင်သန်းမြင့်တို့၏ ညီ/မောင်၊ ဒေါ်ရီရီသန်း၊ ဦးတင်လှ၊ ဦးခင်မောင်ဆွေ-ဒေါ်ဝင်းဝင်းရွှေတို့၏အစ်ကိုကြီးသည် ၆-၂-၂၀၁၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၂-၂၀၁၄ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးရဲကျော်သူရွှေ

M.Sc (Geology)
D.A.G, D.C.Sc
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ စမ်းရေတွင်းလမ်းသွယ်၊အမှတ်၃၄(ကေ/၁)နေ ဒေါက်တာဘရွှေ-(ဒေါ်ဇင်မေအုန်း)တို့၏သားကြီး၊ ဦးဇော်ထွန်းဦး - ဒေါ်နှင်းသန္တာရွှေ၊ ဦးသိန်းထွန်းကျော်-ဒေါ်သင်းသူဇာရွှေတို့၏မောင်၊ ဦးတေဇာလင်းရွှေ-ဒေါ်သီတာသိန်းတို့၏အစ်ကို၊ မောင်မင်းထက်မြက်၊မရွှေမြကြာဖြူ၊ မောင်စည်သူထွန်းကျော်၊ မပန်းရောင်ထွန်းကျော်တို့၏ဦးလေးသည် ၅-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၂၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၂-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်အိုင်ယာ(ခ)ဒေါ်လှသိန်း (ကျွဲပွဲ)

အသက်(၉၃)နှစ်

မော်လမြိုင်မြို့၊ ခြံအမှတ် ၂၈၊ မြိုင်သာယာ(၁)လမ်းနေ(ဦးစိန်မော်)၏ဇနီး၊ ဦးကျော်နိုင်-ဒေါ်ခင်စန်းရီ၊ ဒုတိယဗိုလ်မှူးကြီးမြင့်ချို(ငြိမ်း)-ဒေါ်မြင့်မြင့်ခိုင်၊ ဦးကျင်းချိုင်-ဒေါ်မြမြအေး၊ ဒေါက်တာဦးလှဝင်း-(ဒေါ်မြတ်မြတ်ခိုင်)၊ ဦးမြင့်ဦး-ဒေါ်ခင်ချိုဝင်း၊ ဒေါ်ဝင်းဝင်းမော်၊ ဒေါ်သင်းသင်းကြူ၊ ဦးဘွန်စွမ်-ဒေါ်နီလာအေး၊ ဦးငွေအောင်မော်-ဒေါ်ငွေငွေဝင်း၊ ဦးညွန့်ဝင်းတို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ် ၁၁ယောက်တို့၏အဘွားသည် ၆-၂-၂၀၁၄ရက် နံနက် ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် မော်လမြိုင်မြို့ ဟုတ်တိတ်တောင်သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ထွန်းကြည်

အသက်(၉၃)နှစ်

မွန်ပြည်နယ်၊ မုဒုံမြို့နေ [ဦးဖေ(ခ)ဦးဝါရီ-ဒေါ်သင်းမြ]တို့၏သမီး၊ (ဒေါ်ခင်မေ)၏ညီမ၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ် ၅၅၉(မြေညီထပ်)နေ(နိုင်ငံပန်းသာ၊ မွန်အမျိုးသားခေါင်းဆောင်ကြီး)၏ဇနီး၊ ဦးချစ်သိန်း(ယာဉ်/စက်၊ငြိမ်း)-ဒေါ်ခင်လှကြည်(ယာဉ်/စက်၊ ငြိမ်း)၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း ၂လမ်း၊ အမှတ် ၂၆နေ ဦးခင်မောင်အေး-ဒေါ်ခင်အုန်းမြင့်၊ ဦးခင်မောင်နိုင်(UNITEAM MARINE Co., Ltd.)-(ဒေါ်ခင်သီတာ)တို့၏မိခင်၊ ဒေါ်စုစုချစ်(ကထိက၊ ရက္ခဗေဒဌာန၊ ဆေး-၁၊ ရန်ကုန်)၊ မအိအိချစ်(သတိုးအိမ်အလှပြုပြင်ရေး)၊ မောင်မျိုးဇော်-မဇာဇာငြိမ်းအေး၊ မခင်လေးလေးချစ်၊ မောင်သူထွန်း(GEWIN MARINE Co.,Ltd.)၊ မောင်ဇူလိုင်ထွန်း (GEWIN MARINE Co.,Ltd.)တို့၏အဘွားသည် ၇-၂-၂၀၁၄ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ် ၅၅၉(မြေညီထပ်)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းမြင့် (သန်လျင်)

အသက်(၈၈)နှစ်

သန်လျင်မြို့ သတင်းစာကိုယ်စားလှယ်ဟောင်း (ဦးဘိုးသီ-ဒေါ်သင်းကြူ)တို့၏သမီးထွေး၊ အမှတ် ၄၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်းအရှေ့ရပ်နေ (ဦးချစ်ဖေ)၏ဇနီး၊ (ဦးဘသော်-ဒေါ်မြစိန်)၊ (ဒေါ်ထွန်းကြည်)တို့၏ညီမ၊ ဦးဟန်ထွဋ်-ဒေါ်မြမြသက်၊ ဒေါက်တာသောင်းရီ-ဒေါ်ခင်စန်းဝင်း၊ ဒေါ်အေးအေးခိုင်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၇-၂-၂၀၁၄ရက် နံနက် ၁၀း၂၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်သန်းစိန်

အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဗညားနွဲ့လမ်း၊ အမှတ် ၁၁၉၂နေ (ဦးဝမ်လှိုင် - ဒေါ်ဖွားရှိန်)တို့၏ သမီးကြီး၊ ဦးအုန်းသန်း-ဒေါ်ခင်ဦးရွှေ၊ ဦးစိုးဝင်း-ဒေါ်လှဝင်းခိုင်၊ ဦးတင့်နိုင်ဝင်း-ဒေါ်ဝေဝေသန်း၊ဦးလှသန်း-ဒေါ်သီတာရှိန်တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၇-၂-၂၀၁၄ရက်(သောကြာနေ့) နံနက် ၆း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှမြင့် (ဌာနခွဲမှူး)

ဘဏ္ဍာရေး(ငြိမ်း) (M.E.P.E)
အသက်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ခမ္မာရုံလမ်း၊ အမှတ် ၈၄၅/ခနေ (ဦးမောင်ကွန်း - ဒေါ်စောတင်)တို့၏ သားကြီး၊ ဒေါ်စိန်စိန်၏ခင်ပွန်း၊ (ဦးလှထွန်း)-ဒေါ်ပုစိန်(M.E.P.E၊ ငြိမ်း)၊(ဦးလှဝင်း)-ဒေါ်လီအောင်တို့၏အစ်ကိုကြီး၊ ဦးပဋ္ဌင်း ဦးဂန္ဓမာ၏ခမည်းတော်၊ ဦးတင့်ဝေ(နည်းပြ၊ အရာရှိ/ခေတ္တ ဌာနမှူး၊ ရေကြောင်းကောလိပ်၊ရန်ကုန်မြို့)-ဒေါ်ဥမ္မာမြင့်(M.E.P.E၊ ငြိမ်း)၊ ဦးအောင်ကိုကို-ဒေါ်လှလှမိုး၊ ဦးကျော်ကျော်အောင်-ဒေါ်ကြည်ကြည်မိုး၊ ဦးဉာဏ်စိုး-ဒေါ်ခင်စန္ဒာမြင့်၊ ကိုဇော်ဇော်ထက်တို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၄-၂-၂၀၁၄ရက်(အင်္ဂါနေ့) ညနေ ၄း၅၀နာရီတွင် မန္တလေး ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်းရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးလှမောင်(ငြိမ်း)

(ရေဖြူ)
မထသဌာနခွဲမှူး(ငြိမ်း)
ဗိုလ်လောင်းအမှတ်စဉ်(၆၂)
အသက်(၆၀)

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နေ(ဦးတင်သား)-ဒေါ်ကျင်ညွန့်၊(ဦးတင်စိန် - ဒေါ်ကြည်)တို့၏ သားသမက်၊ (ဦးထွန်းပို)-ဒေါ်သိန်းကြည်၊ (ဦးလှပို)-ဒေါ်ခင်ထွေး၊ ဦးသိန်းဝင်း-ဒေါ်ထွန်းကြည်တို့၏ညီ/မောင်၊ ဦးစိုးမောင်-ဒေါ်ကျင်ရီ၊ ဦးဉာဏ်အေး - (ဒေါ်မြစိန်)၊ (ဦးဝင်းမောင်)၊ ဒေါ်ရီရီနွဲ့၊ (ဦးစိုးမင်း)-ဒေါ်ရီရီအေးတို့၏အစ်ကို၊ ဦးမြတ်ကိုကို (မယကစာရေး)၊ ဦးတင်ကိုကို[နည်းပြ၊ နည်းစနစ်မှူး(ဂျူဒို)၊ အား/ကာသိပ္ပံ၊ မန္တလေး]-ဒေါ်ခင်ဝိုင်းကြည်၊ မောင်အောင်ကိုကို၊ မစန္ဒီချစ်စု၊ မကျော့ကေခိုင်တို့၏ဖခင်၊ မဆုရွှေရည်ဖြိုး၊ မောင်ထက်ရန်အောင်တို့၏အဘိုး၊ ဒေါ်တင်တင်ငွေး၏ခင်ပွန်းသည် ၅-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၂-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် စိုက်မွေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၁၄ရက်(အင်္ဂါနေ့)နံနက်တွင် စိုက်မွေး(၁)ရပ်ကွက်၊ အမှတ် ၃/၆/၅ ဒေါ်တင်တင်ငွေး၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ငွေး (အလုံ)

(မြောင်းမြ/ကျုံမငေး)
အသက်(၅၉)နှစ်

မြောင်းမြမြို့နေ (ဦးကုလားကြီး-ဒေါ်တင်)တို့၏သား၊ ကျုံမငေးမြို့နေ (ဦးယုကက်-ဒေါ်ငွေပန်း)တို့၏ သားသမက်၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အမှတ် ၅၈(B-1)၊ ကန္နားလမ်းနေ ဒေါ်မြမြငွေး၏ခင်ပွန်း၊(မောင်ထွန်းထွန်းဇော်)၊ မောင်အောင်ကျော်သူ၊ မဝင့်ဝါဖြူ၊ မသိမ့်သိမ့်သူ၊ မောင်ထက်အောင်တို့၏ဖခင်သည် ၇-၂-၂၀၁၄ရက် (သောကြာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဦးဘစိုး (ပုလော)

အသင်းဝင်အမှတ်-၅၇၀
အသက်(၉၀)

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ဗထူးလမ်းနေ ဒေါ်ကြင်ဟုန်၏ခင်ပွန်းသည် ၆-၂-၂၀၁၄ရက် (ကြာသပတေးနေ့)ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၄ ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် နေအိမ်မှပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

## ဒေါ်တင်တင်ဦး (ချောက်မြို့)

အသက်(၈၆)နှစ်

ရေနံချောင်း၊ ရွှေကြာငုံရပ်နေ (ဦးဘသန်း - ဒေါ်ရှမ်းခင်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ပါရမီ မြစပယ်လမ်းနေ ဦးကျော်မြင့်-ဒေါ်ရီရီမြင့်၊ ရန်ကုန်မြို့၊ ၇မိုင်နေ (ဦးရဲညွန့်)-ဒေါ်ခင်ထားနွယ်၊ ရေနံချောင်းမြို့၊ တွင်းကြီးမင်းစုရပ်နေ (ဦးအေးရွှေ)-ဒေါ်ခင်ရီ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်နေ (ဦးလှမြင့်)-ဒေါ်ခင်လေး၊ ရေနံချောင်း၊ ရွှေကြာငုံရပ်နေ (ဦးတိုင်းကျော်)-ဒေါ်ခင်မြင့်မြင့်တို့၏အစ်မကြီးသည် ၃-၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် ချောက်မြို့ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ချောက်မြို့၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ဦး (ချောက်မြို့)

အသက်(၈၆)နှစ်

ချောက်မြို့၊ ကွက်သစ်အရှေ့ရပ်၊ ဇေတဝန်လမ်းမ၊ အမှတ် ၃၉၂နေ (ဦးညွန့်ဝေ)၏ဇနီး၊ ကိုခင်မောင်မောင်၊ ရန်ကုန်မြို့၊ ၈၇လမ်း၊ အမှတ် ၄၁နေ ဦးဖေသိန်း-(ဒေါ်ယဉ်ယဉ်ဝေ)၊ ချောက်မြို့နေ [ကိုကျော်မင်း(ခ)ကိုအငွေး]၊ မန္တလေးမြို့နေ (ဦးတင်အောင်ဝင်း)-ဒေါ်ကြူကြူဝေ၊ ချောက်မြို့နေ ဦးတင်မြင့်-ဒေါ်ခင်စန္ဒာဝေ(ခ)ဒေါ်ပူးဆူမ၊ ဦးကျော်ကျော်-ဒေါ်စိုးစိုးဝေ၊ ကိုဆန်နီ၊ ကိုသန်းငွေး (ခေတ္တ-တရုတ်တိုင်ပေ)တို့၏မိခင်သည် ၃-၂-၂၀၁၄ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းစိန်

အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဗညားနွဲ့လမ်း၊ အမှတ် ၁၁၉၂နေ (ဦးဝမ်လှိုင် - ဒေါ်ဖွားရှိန်)တို့၏ သမီးကြီး၊ ဦးတင်ကြီး(ဒါရိုက်တာ မောင်နှင်းမိုး)-ဒေါ်ထွေးထွေးအေး၊ ဦးတင်ကြိုင်-ဒေါ်ခင်စန်းဝင်း၊ ဒေါ်အေးအေးလှိုင်တို့၏အစ်မကြီးသည် ၇-၂-၂၀၁၄ရက် (သောကြာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၄ ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမများ

## ဦးတင်ယု

BOSUN (CDC-24167)
အသက်(၆၁)နှစ်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၊ စည်ပင်သာယာရပ်နေ [ဦးဘသာ(ကျောင်းအုပ်၊ ငြိမ်း)-ဒေါ်သိန်း(ဆရာမ၊ ငြိမ်း)]တို့၏သားလတ်၊ မြစ်ကြီးနားမြို့နေ (ဗိုလ်ကြီးမောင်ရွှေ - ဒေါ်တင်မော်)တို့၏သားသမက်၊ ဦးဘညွန့်-ဒေါ်ဂရီတာ(ဆည်မြောင်း)တို့၏ ညီ/မောင်၊ (ဦးဘုန်းမြင့်) - ဒေါ်နုနုအုန်း၊ ဦးအောင်ကျော်လင်း-ဒေါ်ငွေငွေ၊ ဦးကြည်လွင်-ဒေါ်မြမြစန်း၊ ဦးခင်မောင်ဝင်း-ဒေါ်မြမြနှင်း(ဂန့်ဂေါ)တို့၏အစ်ကို၊ အမှတ် ၁၀၆၈၊ အောင်သုခလမ်း၊(၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်မာလာမော်၏ခင်ပွန်း၊ မဆွေဇင်ဦး(ခ)ပုံပုံ၊ မအေးချမ်းမွန်(ခ)ပေါင်ပေါင်(နဝမတန်း-F၊ အထက-၃)တို့၏ဖခင်၊ တူ၊ တူမ ၁၇ယောက်တို့၏ ဘကြီးသည် ၇-၂-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၂-၂၀၁၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဝေပုလ္လာစာရ သက်တော်(၆၃)နှစ်၊ သိက္ခာတော်(၄၃)ဝါ

လက်ပံတန်းမြို့နယ်၊ မှော်အင်းအုပ်စု၊ ဖိုးခေါင်စု၊ လယ်ပြင်ကျောင်းတိုက်ဦးစီးပဓာန၊ကျေးရွာအုပ်စုသံဃနာယကဥက္ကဋ္ဌ ဖြစ်တော်မူသော ဆရာတော်သည်(ပြာသိုလပြည့်ကျော် ၁၁ရက်) ၂၆-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၃း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၁ရက်) ၁၅-၂-၂၀၁၄ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် အန္တိမအဂ္ဂိစျာပနကျင်းပပူဇော်သွားမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။

စျာပနဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့
ဖိုးခေါင်စု၊ လယ်ပြင်ကျောင်းတိုက်၊ လက်ပံတန်းမြို့နယ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးရှိန်

(ရတနာကုန်သည်) (ရေနံချောင်း)
အသက်(၈၅)နှစ်

ရေနံချောင်းမြို့၊ ရွာသစ်ရပ်နေ ဒေါ်ခင်စိန်၏ခင်ပွန်း၊ ဒေါ်သန်းထွေး၏ခဲအို၊ ကိုမောင်မောင်နိုင်-မအေးအေးခိုင်၊ ကိုကျော်ငြိမ်း-မမြင့်သန်းဦး၊ ကိုမျိုးမြင့်-မခိုင်ဇာလင်း၊ ကိုငွေးဝင်းအောင်-မငွေးငွေးလှိုင်၊ ကိုခင်မောင်သန်း၊ ကိုစိန်လွင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၇-၂-၂၀၁၄ရက် (သောကြာနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄ရက် ညနေ ၄နာရီတွင် ရေနံချောင်းမြို့ ရွှေဘုံသာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသန်းထွတ်

B.Com (Account) 1957 MARCH
ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)(ငြိမ်း)
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန
အသက်(၈၄)နှစ်

ကျောက်တန်းမြို့၊ အနောက်ပိုင်းနေ(ဦးစွမ်းနား-ဒေါ်ပု)တို့၏မြေး၊ (ဦးအင်ကြင်း-ဒေါ်သိန်းမေ)တို့၏သား၊ ပဒတ္ထမဉ္ဇူသာပါဠိ-မြန်မာအဘိဓာန်နှင့် မြန်မာ-အင်္ဂလိပ်-ပါဠိအဘိဓာန်ကျမ်းပြုပုဂ္ဂိုလ် (ဦးဟုတ်စိန်-ဒေါ်လွင်)တို့၏သားသမက်၊ ဒေါ်ကျင်မွေး၏မောင်၊ (ဒေါက်တာဒေါ်တင်တင်ရီ)၏ခင်ပွန်း၊ ဒေါက်တာဦးဇော်ထွန်း-ဒေါ်ခင်သူဇာဦး၊ ဦးသိန်းဇော်-ဒေါ်နှင်းမာလာသိန်း၊ ဦးဖြိုးမြင့်ရီ-ဒေါ်ခင်အေးကြူ၊ ဒေါ်ငြိမ်း(ခ)ဒေါ်အေးအေးသန္တာတို့၏ဖခင်၊ စတီဗင်ထွန်း၊ နော်မန်ထွန်း၊ လှဲ့လှဲ့လင်း(ခ)စုစန်သိန်းဇော်၊ ဂျူလီယာတို့၏ဘိုးဘိုးသည် ၅-၂-၂၀၁၄ရက်တွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအသိပေးအပ်ပါသည်။ (N.3, 301၊ မင်းရဲကျော်စွာအိမ်ရာ၊ လေးထောင့်ကန်လမ်း၊ တာမွေကလေးသံလမ်း၊ ILBC မျက်စောင်းထိုးနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အေးမြင့် (သံဖြူဇရပ်မြို့)

အသက်(၆၄)နှစ်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ အောင်မင်္ဂလာ(၁)လမ်း၊ အမှတ် ၄၇နေ (ဦးပါတွတ်ငယ်)-ဒေါ်လွန်းရင်၏သမီးကြီး၊ အမှတ် ၄၇နေ ဦးတင်အေး၏ဇနီး၊ မမိမိခိုင်၊ ကိုမျိုးကိုကို-မကြူကြူခိုင်၊ ကိုမောင်မောင်အုန်း-မခင်ချိုခိုင်တို့၏မိခင်၊မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၅-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၄ရက် ညနေ ၃နာရီတွင် သံဖြူဇရပ်မြို့ ရွှေရင်ကွေ့သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီမ ဒေါ်ခတီဇာ(ခ) ဒေါ်ကြူကြူ

အသက်(၈၈)နှစ်

မန္တလေးမြို့၊ မြောက်အိုးဘိုရပ်နေ [ဦးအစ္စမာန်အင်၊အကောက်အုပ်)-ဒေါ်မြသန်း(ခ)ဒေါ်နွဲ့]တို့၏သမီး၊ တောင်ကြီးမြို့နေ (ဟာဂျီ ဦးမာမတ်ဝါလီ-ဟာဂျီမ ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ဦးမောင်မောင်ကြီး(မြဝတီ)-ဒေါ်သက်သက်ကြူ၊ ဒေါ်ခင်လှလှ(ခ)မပေါက်ပေါက်၊ ဟာဂျီ ဦးကျော်အေး (ဟက်ပီး ဘရားသား)-(ဒေါ်စုစုလှိုင်)၊ ဦးသက်နိုင်-ဒေါ်တင်တင်လှ၊ (ဟာဂျီဦးမျိုးညွန့်)(မန်းကိုကို)-ဒေါ်သင်းသင်းအေးတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၄-၂-၂၀၁၄ရက် (အင်္ဂါနေ့) ည ၇း၅၀နာရီတွင် ၂၇လမ်း နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၅-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် အေးရိပ်ငြိမ် ကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

အဘက်ဘက်မှကူညီကြသော၊သတင်းမေးမြန်းကြသော ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။ (ဒိုအာတွင်မင်္ဂဖွေရည်ပြုပေးနိုင်ရန်)။ (အလ္လာဟ်သျှင်မြတ်ထံတော်မှ ငြိမ်းချမ်းမှုပေးပါစေ)

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမ

## ဒေါ်ရွှေခင်မြင့်

အသက်(၆၇)နှစ်

ရန်ကုန်မြို့နေ(ဦးဇမောင်-ဒေါ်မြရင်)တို့၏သမီး၊ အထက်တန်းရှေ့နေ ဦးရဲလင်း၏ဇနီး၊ မထားထားတင့်-(ကိုဇော်နိုင်)၊ ကိုကျော်ကျော်ဦး-မထု၊ မခိုင်ခိုင်တင့် (ခေတ္တ-ဝါရှင်တန်ဒီစီ) - ကိုဇော်မင်း၊မအေးမို့မို့လွင်-ကိုမျိုးလွင်(ရေသန့်အင်ဂျင်နီယာ)၊ မခင်သူဇာလင်း(M.D လင်းသူဇာ ကုမ္ပဏီ) - ကိုမြင့်ဇော် (ဒါရိုက်တာ၊ လင်းသူဇာကုမ္ပဏီ)၊ မခင်သီတာလင်း (ခေတ္တ-ဆန်ဖရန်စစ္စကို)-ကိုကျော်သူရိန်ပြုံး၊ မခိုင်ဝါဝါလင်း-ဗိုလ်ကြီးထွန်းလင်းအောင် (နမ့်စန်မြို့၊ ရှမ်း/တောင်)၊ မခိုင်မေလင်း (ခေတ္တ-ကွာလာလမ်ပူ)တို့၏မိခင်၊ မြေး ၁၂ယောက်တို့၏အဘွားသည် ၆-၂-၂၀၁၄ရက်တွင် ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ လုံးသွယ်လမ်း၊ အမှတ် ၁၁၉ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၄ရက် နံနက် ၁၀း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

mmalin.npt @ gmail.com, နှင့်
www. facebook.com/MYANMAALINNNEWS

**ပြည်သူ့လွှတ်တော် အစည်းအဝေး**

## လေအားလျှပ်စစ်ထုတ်ယူနိုင်သည့် လေ့လာချက်အစီရင်ခံစာအရ စီမံကိန်းအကောင်အထည်ဖော်မည်

စာမျက်နှာ - ၇

**အမျိုးသားလွှတ်တော် အစည်းအဝေး**

## လုံလောက်ခြင်းမရှိသေးသည့် အထက်တန်းပြဆရာ၊ ဆရာမများ တိုးမြှင့်ခန့်ထားနိုင်ရေးလုပ်ဆောင်နေ

စာမျက်နှာ - ၇

## စာနယ်ဇင်းသမားအချို့အား ဥပဒေနှင့်အညီ စုံစမ်းမေးမြန်းခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

**သတင်းထုတ်ပြန်ချက်(၂/၂၀၁၄)**

**၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်**
**၁၃၇၅ ခု၊ တပို့တွဲလဆန်း ၈ ရက်**

**စာနယ်ဇင်းသမားအချို့အား ဥပဒေနှင့်အညီ စုံစမ်းမေးမြန်းခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း**

၁။ Unity ဂျာနယ်မှ အမှုဆောင်အရာရှိချုပ် ဦးတင်ဆန်း အပါအဝင် စာနယ်ဇင်းသမား ငါးဦးအား မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေအရ စုံစမ်းမေးမြန်းနေခြင်းအပေါ် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)အပါအဝင် ပြည်တွင်းမှစာနယ်ဇင်းအဖွဲ့အစည်းများနှင့် နိုင်ငံတကာ စာနယ်ဇင်းအဖွဲ့အစည်းအချို့တို့မှ စိုးရိမ်ပူပန်မှုများရှိကြောင်း ထုတ်ဖော်ပြောကြားလျက်ရှိသည်ကို သတိပြုမိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အဆိုပါ စိုးရိမ်ပူပန်မှုများအပေါ် အသိအမှတ်ပြုပါသည်။

၂။ အဆိုပါ စာနယ်ဇင်းသမားများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားဥပဒေ စိုးမိုးရေး (Rule of Law) အလို့ငှာ စုံစမ်းစစ်ဆေးနေစဉ်ကာလအတွင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ ကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းတို့အတွက် ဥပဒေနှင့်အညီ ရသင့်သောအခွင့်အရေးများကိုလည်း ရရှိစေမည်ဖြစ်ပါသည်။

၃။ တရားရေးမဏ္ဍိုင်အနေဖြင့် စုံစမ်းမေးမြန်းခြင်းခံနေရသော စာနယ်ဇင်းသမားများအပေါ် တရားစီရင်ရေးအခြေခံမူဖြစ်သည့် ဥပဒေနှင့်အညီ လွတ်လပ်စွာနှင့်တရားမျှတစွာ စီရင်ဆုံးဖြတ်မည်ဟု ယုံကြည်ပါသည်။ Unity ဂျာနယ်မှ စာနယ်ဇင်းသမားများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဥပဒေနှင့်အညီ စစ်ဆေးမေးမြန်းဆောင်ရွက်နေခြင်းကို အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**




## (၁၆)ကြိမ်မြောက် နိုင်ငံတကာမီးပုံးပျံပွဲတော် မန္တလေးမြို့သို့ လာရောက်ဆင်နွှဲ

**မန္တလေး ဖေဖော်ဝါရီ ၇**

(၁၆)ကြိမ်မြောက် နိုင်ငံတကာမီးပုံးပျံပွဲတော်အဖြစ် အမရပူရမြို့နယ် တောင်သမန်အင်း ဦးပိန်တံတားအနီးတွင် ယမန်နေ့နံနက်ပိုင်းနှင့် ချမ်းအေးသာစံမြို့နယ် ၂၈ လမ်းနှင့် ၂၉ လမ်းကြား၊ လမ်း ၆၀ နှင့် ၆၆ လမ်းကြားရှိ ယခင်ရဲသိပ္ပံကွင်းတွင် မီးပုံးပျံခုနစ်လုံး လွှတ်တင်စီးနင်းခဲ့သည်။ အဆိုပါ မီးပုံးပျံပွဲတော်နှင့်ပတ်သက်၍ အဖွဲ့ခေါင်းဆောင်ဖြစ်သူ မစ္စတာမီတာကိုက "ကျွန်တော်တို့အဖွဲ့မှာ ခရီးသည် ၂၀ ဦး ပါဝင်ပါတယ်။ မီးပုံးပျံခုနစ်လုံးပါဝင်ပြီး ပိုင်းလော့ရှစ်ဦးပါရှိပါတယ်။ ခရီးစဉ်တွေကတော့ လွိုင်ကော်၊ အင်းလေး၊ ပင်းတယ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာနဲ့ ပုဂံဒေသခရီးစဉ်တို့ ဖြစ်ပါတယ်။ အဆိုပါခရီးစဉ်မှာ ၁၃ ရက်ကြာမြင့်မှာ ဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက်တွင် မုံရွာမြို့ဝန်းကျင်၌ ပျံသန်းပြီး ဖေဖော်ဝါရီ ၉ ရက်မှ ၁၂ ရက်အထိ ပုဂံမြို့ ယဉ်ကျေးမှုဒေသ၌ ပျံသန်းမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

**တင်မောင်(မန္တလေး)**



## စက်ရုပ်သိပ္ပံလက်ဖြင့် အာရုံခံစားမှု သိပ္ပံပညာရှင်များ တီထွင်ပြုလုပ်

**ဘာသာပြန် - မောင်နွေသစ်**

**ရောမ ဖေဖော်ဝါရီ ၇**

သိပ္ပံပညာရှင်များက လက်ချောင်းကလေးများမှတစ်ဆင့် အာရုံခံစားမှုကို သိနိုင်သည့် သိပ္ပံလက်ကို တီထွင်လိုက်ပြီဖြစ်သည်။ ဒိန်းမတ်နိုင်ငံသားတစ်ဦးသည် ၎င်းသိပ္ပံလက်ကို လက်ခံရရှိသွားပြီဖြစ်သည်။ သိပ္ပံလက်နှင့်၎င်း၏ လက်အပေါ်ပိုင်းနာ့ဗ်ကြောများနှင့် ဆက်သွယ်ထားသည်။ အီတလီနိုင်ငံတွင် ခွဲစိတ်ကုသမှုခံယူပြီးနောက် သိပ္ပံလက်ကို ရရှိခဲ့သည်ဟုဆိုသည်။

ဒိန်းမတ်နိုင်ငံသား အားဘိုဆိုသူသည် လွန်ခဲ့သော ဆယ်စုနှစ်နီးပါးက မီးကျည်မီးပန်းလွှတ်ရာတွင် မတော်တဆဖြစ်ပြီး ဝဲဘက်လက်ဆုံးရှုံးခဲ့ရသည်။ အဆိုပါသိပ္ပံလက်သည် အရာဝတ္ထုကိုကောက်ကိုင်နိုင်ပြီး မျက်မမြင်ဖြစ်လျှင်တောင်မှ အရာဝတ္ထု၏ပုံသဏ္ဌာန်ကို ပြောနိုင်သည်ဟု ဆိုထားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❍




**ဖခင်အမည်မှန်**

တောင်ကြီးမြို့၊ အထက(၉)၊ စတုတ္ထတန်း(ခ)မှ မောင်အောင်ဇေယျာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့်ထွန်းဖြစ်ပါကြောင်း။

**ဦးစိုးမြင့်ထွန်း**

**ဖခင်အမည်မှန်**

တောင်ကြီးမြို့၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ဆဋ္ဌမတန်း(က)မှ နန်းဇင်လေးနွယ်၏ ဖခင်အမည်မှန်မှာ ဦးခွန်မြမောင် ဖြစ်ပါကြောင်း။

**ဦးခွန်မြမောင်**

**မွေးနေ့မင်္ဂလာဆုတောင်း**

၈-၂-၂၀၁၄ ရက်တွင် ကျရောက်သော ချစ်သမီးလေး "သဲသဲတုံ" ၏ (၁)နှစ်မြောက် မွေးနေ့ ရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၀၀)ကျော်တိုင် ချစ်သော ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ ဦးဦး၊ ဒေါ်ဒေါ်တို့နှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် အများအကျိုး နိုင်ငံ့အကျိုး သယ်ပိုးထမ်းဆောင်နိုင်သည့် သမီးကောင်းရတနာ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

နှစ်ဖက်သောအဘိုးအဘွားများနှင့်
ချစ်သောဖေဖေ ဟိန်းထက်အောင်(ခ)စိုင်းစိုင်း + မေမေ ထက်ဧကရီ
ချစ်သောဦးဦး ဝေယံမင်းထွန်း + တီတီ မေလှဲ့ဟိန်း + Key Key

**ဘူမိဗေဒ ကျောင်းသား/သူများ၏ တွေ့ဆုံညစာစားပွဲ ဖိတ်ကြားလွှာ**

တွေ့ဆုံမည့်နေရာ - Western Park Royal Restaurant (Pool Side)

ဆက်သွယ်မေးမြန်းရန်

095131189 | 09420137748
0973116680 | 09440040741

**DUAL TECH**

ကလေးများအတွက်နွေရာသီ သင်တန်းများ

20% Discount
10% Discount

Ph; 09 420 313 719, 732 437 76

**ကရုဏာစင်တာ** ပညာ၊ ကျန်းမာ၊ ထောက်ပံ့စောင့်ရှောက်မှုနှင့် **ကရုဏာ** ကုသိုလ်ဖြစ်ဆေးခန်းတည်ဆောက်ခြင်း ပါဝင်လှူဒါန်းနိုင်

Account No. 007 301 00702498201


# မွန်ပြည်နယ်အစိုးရအဖွဲ့ ကဏ္ဍအလိုက် ဖွဲ့စည်းထားရှိသည့်
# (Delivery Unit) ဆပ်ကော်မတီများထံ ဆက်သွယ်အကြံပြုနိုင်ရန် ဖုန်းအမှတ်များ

| စဉ် | ဆပ်ကော်မတီ | ဆပ်ကော်မတီဥက္ကဋ္ဌ အမည်/ရာထူး | ဖုန်းအမှတ် |
|---|---|---|---|
| ၁။ | နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ဆပ်ကော်မတီ | ဦးခွန်ဖေမြ<br>တိုင်းရင်းသားရေးရာဝန်ကြီး(ပအိုဝ်) | ၀၅၇-၂၄၉၆၆ |
| ၂။ | ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ | ဒေါက်တာမင်းနွယ်စိုး<br>စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး | ၀၅၇-၂၅၉၁၆ |
| ၃။ | ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေး ဆပ်ကော်မတီ | ဒေါက်တာခင်မောင်သွင်<br>ဘဏ္ဍာရေးဝန်ကြီး | ၀၅၇-၂၅၉၂၀ |
| ၄။ | လယ်ယာ၊သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီ | ဦးဝင်းမော်ဦး<br>သစ်တောနှင့်သတ္တုဝန်ကြီး | ၀၅၇-၂၅၉၁၇ |
| ၅။ | မွေးမြူရေးနှင့်ရေလုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီ | ဦးမျိုးညွန့်<br>စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး | ၀၅၇-၂၅၉၁၃ |
| ၆။ | ဘဏ္ဍာရေး၊ ငွေရေးကြေးရေး၊စီးပွားရေး ပူးပေါင်းညှိနှိုင်းရေးဆပ်ကော်မတီ | ဒေါက်တာခင်မောင်သွင်<br>ဘဏ္ဍာရေးဝန်ကြီး | ၀၅၇-၂၅၉၂၀ |
| ၇။ | အခွန်အကောက်ဆိုင်ရာ ဆပ်ကော်မတီ | ဒေါက်တာခင်မောင်သွင်<br>ဘဏ္ဍာရေးဝန်ကြီး | ၀၅၇-၂၅၉၂၀ |
| ၈။ | စွမ်းအင်သယံဇာတနှင့်ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီ | ဦးနိုင်လဝီအောင်<br>လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး | ၀၅၇-၂၅၉၁၉ |
| ၉။ | စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ | ဒေါက်တာမင်းနွယ်စိုး<br>စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး | ၀၅၇-၂၅၉၁၆ |
| ၁၀။ | ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ | ဒေါက်တာမင်းနွယ်စိုး<br>စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး | ၀၅၇-၂၅၉၁၆ |
| ၁၁။ | အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ ဆပ်ကော်မတီ | ဒေါက်တာမင်းနွယ်စိုး<br>စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး | ၀၅၇-၂၅၉၁၆ |
| ၁၂။ | အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဆပ်ကော်မတီ | ဦးနိုင်လဝီအောင်<br>လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး | ၀၅၇-၂၅၉၁၉ |
| ၁၃။ | ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီ | ဦးမျိုးညွန့်<br>စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး | ၀၅၇-၂၅၉၁၃ |
| ၁၄။ | ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖွံ့ဖြိုးရေး ဆပ်ကော်မတီ | ဒေါက်တာလှဦး<br>လူမှုရေးဝန်ကြီး | ၀၅၇-၂၅၉၁၅ |
| ၁၅။ | အလုပ်အကိုင်နှင့်လူ့စွမ်းအားဖွံ့ဖြိုး တိုးတက်ရေး ဆပ်ကော်မတီ | ဒေါက်တာတိုးတိုးအောင်<br>စည်ပင်သာယာရေးဝန်ကြီး | ၀၅၇-၂၅၉၁၄ |
| ၁၆။ | အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ဆပ်ကော်မတီ | ဒေါက်တာမင်းနွယ်စိုး<br>စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး | ၀၅၇-၂၅၉၁၆ |
| ၁၇။ | ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆပ်ကော်မတီ | ဗိုလ်မှူးကြီး ဌေးမြင့်အောင်<br>လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး | ၀၅၇-၂၅၉၁၂ |
| ၁၈။ | ဥပဒေကြမ်းဆိုင်ရာ ဆပ်ကော်မတီ | ဦးဝင်းကြည်<br>ပြည်နယ်ဥပဒေချုပ် | ၀၅၇-၂၅၉၁၀ |
| ၁၉။ | နိုင်ငံသားများ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆပ်ကော်မတီ | ဗိုလ်မှူးကြီး ဌေးမြင့်အောင်<br>လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး | ၀၅၇-၂၅၉၁၂ |
| ၂၀။ | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းရေးရာနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဆပ်ကော်မတီ | ဗိုလ်မှူးကြီး ဌေးမြင့်အောင်<br>လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး | ၀၅၇-၂၅၉၁၂ |
| ၂၁။ | ကာကွယ်ရေးဆိုင်ရာ ဆပ်ကော်မတီ | ဗိုလ်မှူးကြီး ဌေးမြင့်အောင်<br>လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး | ၀၅၇-၂၅၉၁၂ |
| ၂၂။ | ပြည်နယ်ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ဆပ်ကော်မတီ | ဗိုလ်မှူးကြီး ဌေးမြင့်အောင်<br>လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး | ၀၅၇-၂၅၉၁၂ |
| ၂၃။ | ပြည်နယ်တိုင်းရင်းသားရေးရာ ဆပ်ကော်မတီ | ဒေါက်တာ မင်းနွယ်စိုး<br>စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး | ၀၅၇-၂၅၉၁၆ |
| ၂၄။ | အလုပ်သမားရေးရာနှင့်တောင်သူ လယ်သမားရေးရာ ဆပ်ကော်မတီ | ဦးမျိုးညွန့်<br>စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး | ၀၅၇-၂၅၉၁၃ |
| ၂၅။ | ပြည်နယ်အမျိုးသမီးနှင့်ကလေးသူငယ် ဆိုင်ရာ ဆပ်ကော်မတီ | ဒေါက်တာလှဦး<br>လူမှုရေးဝန်ကြီး | ၀၅၇-၂၅၉၁၅ |
| ၂၆။ | မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှု ဆပ်ကော်မတီ | ဦးမျိုးညွန့်<br>စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး | ၀၅၇-၂၅၉၁၃ |
| ၂၇။ | ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ | ဒေါက်တာမင်းနွယ်စိုး<br>စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး | ၀၅၇-၂၅၉၁၆ |

**မှတ်ချက်။ မွန်ပြည်နယ်၏** (Delivery Unit)**အားလုံး၏ ဖက်စ်အမှတ်မှာ ၀၅၇-၂၇၄၅၀ဖြစ်ပြီး၊**email/Web **လိပ်စာမှာ** monstate.gov@gmail.com **ဖြစ်ပါသည်။**

# စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
# (၃/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-181(2013-2014) | 30 Ton (6x4) NGV Tractor (1)No with 30 Ton Cascade Trailer (3)Nos | (1)Lot | US$ |
| (၂) | IFB-182(2013-2014) | Skid Mounted Engine Driven Air Compressor | (1)No | US$ |
| (၃) | IFB-183(2013-2014) | Cummins Engine with Gear Box | (1)Set | US$ |
| (၄) | IFB-184(2013-2014) | Assorted Sizes of Seamless Casings | (10)Items | US$ |
| (၅) | DMP/L-058(2013-2014) | Spares for CAT D 3512 Engine Ex D 3 T 2 SR-I & II Rigs | (4)Items | Ks |
| (၆) | DMP/L-059(2013-2014) | Spares for FA 1600 Triplex Pump Ex Emsco Rig | (1)Lot | Ks |
| (၇) | DMP/L-060(2013-2014) | 500 KVA Transformer and Dual Transformer | (2)Items | Ks |
| (၈) | DMP/L-061(2013-2014) | 1.5 HP Air Conditioner Split Type and Floor Standing Type Air Conditioner | (2)Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၅-၃-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

# REQUEST FOR EXPRESSIONS OF INTEREST

The Republic of the Union of Myanmar
Myanmar Electric Power Project
Credit No.: 5306-MM

Assignment Title: International Procurement Speclalist
Reference No.: MEPE-CS-6

The Republic of the Union of Myanmar has received financing from the World Bank toward the cost of the Electric Power Project, and intends to apply part of the proceeds for consulting services. The Services of the above assignment is expected to be carried out over a period of twelve months, starting in April 2014. More information can be found on MEPE website moep.gov.mm and UNDB website

Expressions of interest must be delivered in a written form to the address below (in person, or by mail, or by e-mail) by February, 17th , 2014.

**Material Planning Department**
**Myanmar Electric Power Enterprise (MEPE)**
**Office Building No.27**
**Nay Pyi Taw**
**Myanmar**
**Email:polarbarli76@gmail.com**
**Phone:067-410282**
**Fax:067-410391**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မင်းရဲကျော်စွာအိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၃၀၆)ကို ဦးနေမျိုးထိုက်အောင် အမည်ဖြင့် အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာထုတ်ပေးပါရန် အိုလံပစ်ကုမ္ပဏီလီမိတက်မှ လျှောက်ထားလာပါသည်။ ကန့်ကွက်ရန်ရှိပါက စာရွက်စာတမ်းများတင်ပြ၍ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

# ဝမ်းမြောက်စွာ သာစုခေါ်ပါသည်

ကျေးဇူးကြီးလှ မိနှင့်ဖ မိသားစု၊ သိန်းနီမြို့၊ ပိန်းအွယ်ခမ္မရိပ်သာကျောင်းတိုက်၊ ဝဋ္ဋကြွေးပြေစေတီတော်၊ အောင်မေတ္တာဓမ္မာရုံ၊ အောင်သစ္စာဓမ္မာရုံနှင့် သိမ်အလှူရှင်ဖြစ်သော ဒါရိုက်တာ သုခမ္မသီဂီဒေါ်နန်းတိုးတိုးရွှေ၏ခင်ပွန်း အောင်စည်းဇိမ်ကျောက်မျက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး၏ ပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးအောင်ကြီးအား နိုင်ငံတော်မှ အမိန့်ကြေညာစာ ၁/၂၀၁၄ရက်စွဲဖြင့် သုခမ္မမဏိဇောတရေဘွဲ့တံဆိပ် ချီးမြှင့်သည်ကို ဝမ်းမြောက်စွာ သာစုခေါ်ပါသည်။

**ပိန်းအွယ်ခမ္မရိပ်သာကျောင်းတိုက် ဒါယကာ၊ ဒါယိကာမများ**
**သိန်းနီမြို့**








**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၀ယ/၇၁၁၈၃၊ SYM Bonnus 110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေမြတ်နိုးလွင် ၉/မခန(နိုင်)၂၂၂၀၀၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**



# လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

Myanmar Microfinance Bank (မြန်မာအသေးစားငွေရေးကြေးရေးဘဏ်) ပါရမီဘဏ်ခွဲကို ၂-၂-၂၀၁၄ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Kaytumadi Co.,Ltd.**
**Central Cooperative Society**
**Citizen Business Insurance Public Co.,Ltd.**
**New Star Gems & Jewellery**
**Hein Si Group of Companies**
**Asia Myint Co.,Ltd.**
**Gold Fuji Co.,Ltd.**
**EVA Co.,Ltd.**
**Star Tek Co.,Ltd.**

# လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

Myanmar Microfinance Bank (မြန်မာအသေးစားငွေရေးကြေးရေးဘဏ်) ပါရမီဘဏ်ခွဲကို ၂-၂-၂၀၁၄ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက် ကြိုဆိုပါကြောင်း နှင့် တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ရွှေမဲကုမ္ပဏီလီမိတက်**

# လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

Myanmar Microfinance Bank (မြန်မာအသေးစားငွေရေးကြေးရေးဘဏ်) ပါရမီဘဏ်ခွဲကို ၂-၂-၂၀၁၄ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့် တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**KMA Group of Companies**




**အမည်မှန်**

တန့်ယန်းမြို့ အထက၊ န၀မတန်း(A)မှ မနာနဲမလိုင်း၏အမည်မှန်မှာ မနန်းရီ နှင့် ဖခင်အမည်မှန်မှာ ဦးညီအောင် ၁၃/တယန(နိုင်)၀၂၂၈၈၃ ဖြစ်ပါကြောင်း။

ဦးညီအောင်

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

**ကန့်ကွက်နိုင်ပါကြောင်း**

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉M၊ မြေကွက်အမှတ် ၄၆၊ မြေကွက်တည်နေရာအမှတ်-၂၂၊ ရာဇဓိရာဇ်လမ်းသွယ်(၁)လမ်း၊ ၂ ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် စစ်မှုထမ်းဟောင်းဗဟိုဌာနချုပ် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား ဗိုလ်မှူးခင်ညို(ငြိမ်း) ဥက္ကဋ္ဌ၊ ဗိုလ်တထောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ထောက်ခံချက်နှင့် ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်၊ မြို့နယ်၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ